# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၉) ရက် ၊ စနေနေ့ ၊ (14-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၅၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များကို ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးရန်အတွက် ဆရာဝန်လိုအပ်လျက်ရှိသောဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များကို ဂုဏ်ပြုပွဲအခမ်းအနား ယနေ့ နံနက်ပိုင်းတွင် ဘုရင့်နောင်ရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။


အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေး
ကောင်းမွန်သော နေပူခံကျောက်ပြား အိမ်တွင်းအလှဆင်
ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ
အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)
ဖုန်း – ၀၉ ၆၉၁၂၃၀၆၃၉၊ ၀၉ ၆၆၉၂၅၉၉၆၄



ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# စားကုန်များ ဈေးနှုန်းသက်သာစွာရောင်းချခြင်းကို ကြိုဆိုအားပေး

ကမ္ဘာပေါ်တွင် လူသားများအတွက် အဓိကအခြေခံအကျဆုံးလိုအပ်ချက်မှာ စားဝတ်နေရေးပင်ဖြစ်သည်။ လူသားများ အသက်ရှင်နေထိုင်နိုင်ရန် အစားအစာလိုအပ်ပြီး ခန္ဓာကိုယ်ကြီးမားသန်မာကြံ့ခိုင်စေရန်အတွက်လည်း အစားအစာလိုအပ်သည်။

ကမ္ဘာ့လူဦးရေသည် ၂၀၀၀ ပြည့်နှစ်တွင် ၆ ဒသမ ၁ ဘီလီယံခန့်၊ ၂၀၂၀ ပြည့်နှစ်တွင် ၇ ဒသမ ၈ ဘီလီယံခန့်၊ ၂၀၂၂ ခုနှစ်တွင် ၈ ဘီလီယံထိဖြစ်လာပြီး နှစ်စဉ်လည်း တိုးတက်လျက်ရှိသည်။ ထိုသို့ တိုးတက်လာသောလူဦးရေနှင့်အညီ စားဝတ်နေရေးလိုအပ်ချက်သည်လည်း အချိုးကျမြင့်တက်လာမည်ဖြစ်သည်။ အထူးသဖြင့် စားသောက်ကုန်လိုအပ်ချက်များသည် သိသာစွာမြင့်တက်လာမည်ဖြစ်သည်။ လူသားတို့၏စားရေးနှင့်ဝတ်ရေးကို စိုက်ပျိုးမွေးမြူရေးကဏ္ဍက အများဆုံးပံ့ပိုးပေးနေသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို နိုင်ငံ၏အခြေခံစီးပွားရေးအဖြစ် ဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ စပါးနှင့် အခြားသီးနှံများစွာထွက်ရှိသော နိုင်ငံဖြစ်သည့်အလျောက် အစားအစာပေါကြွယ်ဝသည်။ ပြည်တွင်းဖူလုံရုံသာမက ပိုလျှံသောစပါးနှင့် အခြားသီးနှံများကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေများစွာလည်းရရှိသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးအခက်အခဲများ ရင်ဆိုင်လာရသည့်နည်းတူ မြန်မာနိုင်ငံလည်း ရင်ဆိုင်ခဲ့ရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးကြသူတိုင်း၏ ဝမ်းသာပီတိဖြစ်ပြီး ရွှင်ပြုံးနေသောပုံရိပ်များကလည်း မုဒိတာပွားဖွယ်တွေ့မြင်နေရသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ စည်သွတ်ဘူးများ စသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခြင်းသည် အမြတ်အစွန်းကို အဓိကမထားဘဲ စားသုံးသူတို့၏သက်သာချောင်ချိရေးကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သဖြင့် သာဓုခေါ်ဆိုထိုက်သော လုပ်ဆောင်မှုတစ်ခုအဖြစ် အားပေးရှုမြင်မိသည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်းရှိ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့်ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသော အခြေခံစားသောက်ကုန်များကို ပြည်သူများအတွက် စားရေရိက္ခာ နေ့စဉ်လိုအပ်ချက်များအတွက် ပြင်ပပေါက်ဈေးထက် တန်ဖိုးသင့်သက်သာသော ဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းကို ဝမ်းမြောက်စွာကြိုဆိုအားပေးပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မန္တလေးမြို့အနီးတွင် ရေဝတီလင်းပိုင် ၁၇ ကောင် အုပ်စုလိုက် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ



**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးမြို့အနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၇ ကောင် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာ မန္တလေးမှ ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်များသည် ဇန်နဝါရီလ ပထမပတ်က ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးတွင် အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိရာမှ ယနေ့မှစ၍ မန္တလေးမြို့အနီးတွင် ဧရာဝတီလင်းပိုင်များအုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာထဲကို လင်းပိုင်တွေရဲ့ အခြေအနေတွေ သွားပြီးကြည့်ဖြစ်တယ်။ ဒီနေ့ နံနက်ပိုင်းလောက်က မန္တလေးမြို့အနီးမှာ ဧရာဝတီလင်းပိုင် ၁၇ ကောင်အုပ်စုလိုက် ပြောင်းရွှေ့နေထိုင်ကျက်စားနေတာကို တွေ့မြင်ခဲ့ရပါတယ်"ဟု ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားလျက်ရှိသော ဧရာဝတီလင်းပိုင်များကိုလည်း ရေလုပ်သားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် လိုအပ်ကြောင်း၊ ယခုအခါ လင်းပိုင်များကို ကြည့်ရှုချင်သည့် ခရီးသွားများအနေဖြင့် မန္တလေးမြို့အနီးတွင် လှေလာကြည့်ရှုနိုင်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေး မြေဈေးကွက်တွင် တန်ဖိုးနည်း အကွက်ရိုက်မြေကွက်များအပြင် တန်ဖိုးသင့်နေအိမ်ပါပြီး မြို့တွင်းပိုင်း မြေကွက်များပါ အရောင်းအဝယ် ပြန်ရှိလာကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အရောင်းအဝယ်ဖြစ်နေသော်လည်း ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် ဝယ်လက်များ ပျောက်နေမှုကြောင့် ဈေးကွက်တစ်ခုလုံးအတိုင်းအတာအနေဖြင့် အရောင်းအဝယ်အေးနေဆဲပင်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"အခုရက်ပိုင်းအတွင်း ဈေးကွက်ထဲကို ရင်းနှီးမြှုပ်နှံမှုလုပ်မဲ့သူတွေလဲ ပြန်ဝင်လာတယ်လို့ ပြောရမှာပါ။ ရင်းနှီးမြှုပ်နှံမှုကြီးမားတဲ့ ဝယ်လက်မျိုးတွေတော့ မဟုတ်ဘူးပေါ့။ အရင်လတွေထက် ဒီလပိုင်းထဲမှာ မြို့တွင်းပိုင်း အိမ်ပါတဲ့မြေတွေကို မေးမြန်းစုံစမ်းတာတွေ များလာတယ်။ တန်ဖိုးနည်း အကွက်ရိုက်မြေကွက်တွေကတော့ ဝယ်လိုအား အများဆုံးပါ" ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးအေးဝင်းက ပြောပြသည်။

အကွက်ရိုက်မြေကွက်များမှာ မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းကြောင့် အမှန်တကယ် နေထိုင်လိုသူများ အများဆုံးဝယ်ယူနေကြကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

ယခုအခါ တန်ဖိုးသင့်နေအိမ်ပါပြီး မြို့တွင်းပိုင်းမြေကွက်များမှာ ငွေကျပ်သိန်း ၁၀၀၀ အောက်နှင့်မြို့သစ်ရပ်ကွက် အတွင်းပိုင်းများရှိ ငွေကျပ်သိန်း ၅၀၀ အောက် မြေကွက်များဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိမ်ခြံမြေဈေးကွက်မှာ အေးနေဆဲဖြစ်ပြီး မြို့သစ်ရပ်ကွက် လမ်းမတန်းမြေကွက်များမှာ မီး၊ ရေ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများအပေါ် မူတည်၍ ငွေကျပ်သိန်းထောင်ကြီးပိုင်းထိ ဈေးပေါက်လျက်ရှိကြောင်း၊ ကြားကွက်များတွင်လည်း ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်ထိ ဈေးရှိကြောင်း အိမ်ခြံမြေ အရောင်းအဝယ်လုပ်ကိုင်သူများထံမှ သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ စက်မှုဇုန်နှင့်အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်တွင် မြေထောက်ပဲ အဝယ်လိုက်လာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးဈေးကွက်တွင် မြေထောက်ပဲများ အဝယ်လိုက်လာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မြေထောက်ပဲများကို ပြည်ပက ဝယ်ယူမှုများရှိလာကြောင်း၊ ပြည်တွင်း၌လည်း မြေထောက်ပဲများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ပြည်တွင်းကထွက်ရှိတဲ့ မြေထောက်ပဲတွေကို အခုလက်ရှိမှာ ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက် ဈေးကောင်းပိုရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇန်နဝါရီလ ပထမပတ်အတွင်းက မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇန်နဝါရီ ၁၂ရက်တွင် မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မြေထောက်ပဲက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားထဲမှာ ပါပါတယ်။ အခုဈေးကွက်ထဲမှာ မြေထောက်ပဲက တော်တော်လေးဈေးကောင်းရနေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းရယ်မြို့နယ် နောင်လုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းရယ် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် နောင်မိုကျေးရွာအုပ်စု နောင်လုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ နောင်လုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

နောင်လုံကျေးရွာတွင် လမ်းအရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ပြောပြ၍ သိရသည်။

**ကျော်ခိုး**

# ပေါက်ခေါင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ကျေးရွာရွေးချယ်

**ပေါက်ခေါင်း ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထပ်တိုးဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာရွေးချယ်ပွဲကို ဇန်နဝါရီ ၁၂ ရက်က ပေါက်ခေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရွေးဦးစွာ ပေါက်ခေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အမှာစကားပြောကြားပြီး ပေါက်ခေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကျေးရွာရွေးချယ်ရာတွင် အခြေခံရမည့် ကျေးရွာရွေးချယ်ရေးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စောကဲ(အနောက်)ကျေးရွာကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ကျေးရွာအဖြစ် ရွေးချယ်ပေးခဲ့သည်။

ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကို ကျေးရွာ ၁၈ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါထပ်တိုးကျေးရွာတစ်ရွာဆောင်ရွက်ရန်ချထားပေးရေးအတွက် စီမံကိန်းကျေးရွာ ရွေးချယ်ရခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက ပြောပြ၍ သိရသည်။

**ကိုညို**

# ကန့်ဘလူမြို့နယ်တွင် ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၁၀၆၃ ဧက လျာထားစိုက်ပျိုးမည်



ယခင်နှစ်က မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၁၀၆၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် နွေနှမ်းစိုက်ဧက နည်းခဲ့ပြီး ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် နွေနှမ်း ၁၀၆၃ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူမြို့နယ်မှာ နွေနှမ်း ဧက တစ်ထောင်ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဒီနှစ်ကတော့ နွေနှမ်းစိုက်ပျိုးတိုးတက်လာရေး ဆောင်ရွက်နေပါတယ်။ ဒါ့ပြင် အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ပြီးခဲ့သည့်နှစ်က ကန့်ဘလူမြို့နယ်တွင် နွေနှမ်းစိုက်ဧက နည်းခဲ့ပြီး နွေနှမ်းတစ်ဧကလျှင် ၁၆ တင်းကျော်ထွက်ရှိက နွေနှမ်းတစ်ဧကစိုက်ပျိုးပါက ငွေကျပ် တစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ဆောင်းနှမ်းဧက ၉၆၇၁၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆောင်းနှမ်း ၉၆၇၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# သံတောင်ကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေနန်းကလေးကျေးရွာနှင့် ရွှေနန်းကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ရွှေနန်းကလေးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ရွှေနန်းကလေးကျေးရွာနှင့် ရွှေနန်းကြီးကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင် သူ ၁၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**

# ဟိုပန်မြို့နယ် မော်ဟွေ့ကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဟိုပန် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်) ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၃၀၆ သန်းဖြင့် မော်ဟွေ့ကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်စိုးနှင့် တာဝန်ရှိသူများက မော်ဟွေ့ကျေးရွာအုပ်စု၊ မော်ဟွေ့ကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကာ ခရိုင်ဦးစီးမှူးက ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျထိန်းသိမ်းရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားသည်။

မော်ဟွေ့ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၃၀၆ သန်းဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေတင်စနစ်လုပ်ငန်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် အစေ့ထုတ်ပြောင်း၊ စပါး၊ တိုင်ထောင်ပဲ၊ နေကြာ စသည့်သီးနှံများအပြင် အခြားရာသီသီးနှံများကိုလည်း စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ သီးထပ်သီးညှပ်များကို တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ခြင်းကြောင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း၊ ကျေးရွာတွင်း အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ရာ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၇၃)

## ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မအသက် ၂၉ နှစ်ပါ။ နတ်တလင်းမြို့ကပါ။ အစုစင်ကာပူမှာ အိမ်ဖော်အလုပ် လာလုပ်နေပါတယ်။ ကျွန်မကိုယ်အလေးချိန်က ပေါင် ၁၇၀ ရှိပါတယ်။ လူကတအားဝပြီး ညဘက်အိပ်ချိန်မှာ တအားဟောက်လို့ပါဆရာ။ သမီးကမသိပေမဲ့ အလုပ်ရှင်က မကြာခဏပြောနေလို့ပါ။ မဟောက်အောင် ဆေးသောက်လို့ ရနိုင်သလားရှင့်။ သူများနိုင်ငံမှာဆိုတော့ ဆေးဝယ်ဖို့လဲ မလွယ်လို့ပါ။ ဆေးခန်းပြဖို့ကလဲ စရိတ်ကြီးတော့ မဖြစ်နိုင်လို့ပါရှင့်။ ညအိပ်ရင် ဟောက်တာ သက်သာမဲ့ နည်းလမ်းလေးတွေရှိရင် ပြောပြပေးပါရှင့်။**

ဖြေ ။ ။ ချင်းတက်ကို ပါးပါးလှီးပြီး ရေနွေးစိမ်ထား ညအိပ်ခါနီးသောက်ပေးပါ။ ညအိပ်ချိန် ဟောက်တတ်သူတွေ လည်ပင်းမှာ အဝတ် ဒါမှမဟုတ် မာဖလာပတ်အိပ်ပါ။ ပက်လက်မအိပ်ဘဲ ဘေးစောင်းအိပ်ရင် ဟောက်တာသက်သာပါတယ်။ ဖြစ်နိုင်ရင် ဘယ်ဘက်ဘေးကို စောင်းအိပ်တာ အကျင့်လုပ်ယူပါ။ ညအိပ်ခါနီး ခြေဖဝါးဆားပွတ် ဒူးအထက်ကနေ အောက်ကိုရေလောင်း ခြေဆေးပေးရင် အပူတွေအောက်သက်ပြီး လေအထက်ဆန်တာနည်းလို့ အဟောက်သက်သာစေပါတယ်။ ရှောက်သီးဖျော်ရည်၊ သံပရာသီးဖျော်ရည်သောက်ပါ။ ပျားရည်နဲ့ သံပရာရည်ရောစပ်သောက်ရင် ဝတဲ့သူတွေမှာ လည်ချောင်း၊ လေပြွန်အဆီပိတ်တာသက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာရှင့် သမီးအဖေက အသက် ၆၀ ကျော်ပါ။ အငြိမ်းစားပါ။ လူက ဝပါတယ်။ လွန်ခဲ့တဲ့ ခြောက်လက သွေးတိုးပြီး ဦးနှောက်သွေးကြောပေါက်၊ ညာဘက်ခြမ်း လေဖြတ်ထားပါတယ်။ အင်္ဂလိပ်ဆေးနဲ့ကော အကြောပြင်ဆရာနဲ့ပါ ကုသပေးလို့ ချိုင်းထောက်နဲ့လမ်းပြန်လျှောက်နိုင်တာ နှစ်လလောက်ရှိပါပြီဆရာ။ ဒါပေမဲ့ တစ်ခြမ်းက ထုံကျဉ်နေတုန်းပါ။ အဓိကကတော့ စကားပြောတာ ကောင်းကောင်းမပီသသေးပါဘူး။ လျှာလိပ်နေသလို ဖြစ်နေပါတယ်။ စကားပြောနိုင်ဖို့အတွက် တိုင်းရင်းဆေးသောက်ဆေး၊ လိမ်းဆေးတွေရှိရင် ညွှန်ပြပေးပါရှင့်။**

ဖြေ ။ ။ လေဖြတ်ပြီး လျှာလေး၊ စကားမပီသူတွေအတွက် ကြက်ဟင်းခါးရွက်နဲ့ လျှာပွတ်ပေးပါ။ စပါးကြီးသည်းခြေရနိုင်ရင် ရွှေစေ့လောက်ကို ပျားရည်နဲ့ဖျော်ပြီး လျှာအရင်းထိပွတ်ပါ။ တစ်နေ့ကို လေးကြိမ်ပွတ်ပေးပါ။ ပရဆေးဆိုင်မှာ မုတ်ခါးအခဲကိုဝယ်ပြီး ကျောက်ပျဉ်မှာသွေးပါ။ ခပ်ပျစ်ပျစ်သွေးပြီး သွားတိုက်သွားပွတ်တံမှာသုတ် လျှာပွတ်ပေးပါ။ တိုင်းရင်းဆေးအမှတ်(၂၅) မတဲမြင်းမိုရ်ကုန်းဆေးကို တိုင်းရင်းဆေးအမှတ်(၂၃)ဆေးပုလဲကလပ်ဆေးနဲ့ဆတူရောစပ်ပြီး ဖျော်တိုက်ပါ။ လျှာလဲပွတ်ပါ။ ကကြီး၊ ခခွေး အက္ခရာစကားလုံးတွေကို ကလေးတွေစာသင်သလို လေ့ကျင့်ပြီး ဆိုခိုင်းရင်လဲ ပြန်လည်ပီသလာနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးရှင့် သွေးလေးဖက်နာဖြစ်ရင် တိုင်းရင်းဆေးနဲ့ ကုလို့ရပါသလားရှင့်။ သမီးတို့အစ်မမှာ မကြာခဏအဆစ်အမျက်တွေကိုက်ခဲပြီး နေမကောင်းဖြစ်နေတာ ဆရာဝန်နဲ့ ပြလိုက်တော့ သွေးလေးဖက်နာဖြစ်နေတယ်လို့ ပြောပါတယ်။ ဆေးတွေလဲ အများကြီးသောက်ရပါတယ်။ သက်သာလိုက်၊ ပြန်ဖြစ်လိုက်နဲ့မို့ မြန်မာဆေးနည်းတွေရှိရင် သိလိုပါတယ်ရှင့်။**

ဖြေ ။ ။ လေးဖက်နာက အအေးကြိုက်တဲ့သူ၊ အအေးစိမ်ထားတဲ့ အသားငါးတွေကို ဟင်းချက်စားကြသူ၊ တာရှည်ခံပြုပြင်ထားတဲ့အစားအစာ အစားများသူတွေမှာ ဖြစ်လေ့ရှိပါတယ်။ တချို့မှာလဲ မျိုးရိုးကြောင့်ဖြစ်တတ်ပါတယ်။ ရောဂါက သွေးထဲမှာ လေပူငုပ်နေတာပါ။ ပေါ်



ဆေးဖက်ဝင် စပါးကြီးသည်းခြေကို တွေ့ရစဉ်။

လိုက်ငုပ်လိုက်ဖြစ်နေတာ၊ အအေးမိတာများတဲ့အခါ ရောဂါပေါ်တတ်ပါတယ်။ အဲကွန်းနဲ့အလုပ်လုပ်ရသူတွေမှာ ဖြစ်တတ်ပါတယ်။ အစားအသောက်တွေ ရှောင်ဖို့လိုပါတယ်။ အဓိကရှောင်ရမှာကတော့ ခြေလေးချောင်းသားမှာ အနီရောင်ရှိတဲ့ အသားတွေလုံးဝရှောင်လိုက်ပါ။ ပဲပင်ပေါက်၊ မျှစ်၊ စတော်ဘယ်ရီ၊ မြေပဲဆန်၊ လက်လုပ်ချဉ်၊ ဘီယာ၊ ဆေးလိပ်တွေလဲရှောင်ပါ။ ရောဂါသက်သာဖို့အတွက် မနက်အိပ်ရာထတိုင်း ပျားရည် တစ်ဇွန်းသောက်ပါ။ ရှောက်သီး ဒါမှမဟုတ် သံပရိုသီးကို လေးစိတ်စိတ် ရေနွေးစိမ်ထားပြီး ရေချိုးပြီးတိုင်းသောက်ပါ။ ငှက်ပျောသီးဖီးကြမ်း၊ မုန်လာဥနီ၊ ဂေါ်ဖီထုပ်နေ့စဉ်စားပေးပါ။ ရေခဲစိမ်ထားတဲ့ရေကို မသောက်ဘဲ သဘာဝရေသောက်ပါ။ ဖြစ်နိုင်ရင် ရေနွေးကြမ်းများများသောက်ပေးပါ။ သွေးလေးဖက်နာအတွက် တိုင်းရင်းဆေးအမှတ်(၂၇)နဲ့ ဆေးပုလဲကလပ်ကို တိုင်းရင်းဆေးခန်းတွေ ဒါမှမဟုတ် ပရဆေးဆိုင်တွေမှာမေးဝယ်ပါ။ ဆေးမှုန့်ကို ပျားရည်နဲ့ရောနယ်ပြီး ကော်ဖီဇွန်း အသေးနှစ်ဇွန်း မနက်၊ ညသောက်ပါ။ တိုင်းရင်းဆေးအမှတ်(၁၆)အပူငြိမ်းသွေးဆေးကို ညအိပ်ရာဝင်သောက်ပါ။ မုန်ညင်းဆီ ၁၀ သားမှာ ချင်းတက် သုံးကျပ်သားထုခြေထည့်ပြီး မီးနဲ့ချက်ထားပါ။ နာတဲ့၊ ကိုက်တဲ့ အဆစ်တွေထဲ စိမ့်ဝင်အောင် ညစဉ်လိမ်းအိပ်ပါ။ အေးတဲ့ရာသီတွေမှာ ချင်းခြောက်အမှုန့် နှစ်ဆ၊ လင်းနေမြစ်အမှုန့် တစ်ဆရောစပ်ပြီး ရေနွေးပူပူနဲ့ ဖျော် ကိုက်ခဲတဲ့အဆစ်တွေမှာ လိမ်းပေးပါ။ အဆစ်ကြီးရင် ဥပမာ- ဒူးဆစ်၊ တံတောင်ဆစ်ဖြစ်ရင် ဆေးလိမ်းပြီးငှမ်းစပါးပါးအုပ် ပတ်တီးနဲ့ စည်းထားပါက အဆစ်ရောင်၊ အဆစ်ကိုက်ပျောက်ကင်းစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျား။ ကျွန်တော့် အသက် ၁၈ နှစ်ပါ။ မျက်နှာမှာဝက်ခြံတွေ အများကြီးထွက်လို့ပါ။ ဝက်ခြံကို ထုံးတို့ပြီး ညှစ်ရမယ်ဆိုလို့ ညှစ်လိုက်တဲ့အခါ အမည်းစက်တွေကျန်ခဲ့ပါတယ်။ ဝက်ခြံပျောက်နိုင်မဲ့ ဆေးနည်းတွေရှိရင် သိလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ ငယ်တဲ့အရွယ်မှာ အချိုနဲ့အငန်တွေ အစားများရင် ဝက်ခြံထွက်တတ်ပါတယ်။ အချိုအငန်လျှော့စားပါ။ ဝက်ခြံဖုတွေ ထွက်နေတဲ့မျက်နှာကို ပျားရည်နဲ့သံပရာရည် ရောစပ်လိမ်းပါ။ ရှားစောင်းလက်ပပ်အနှစ်ကို ပျားရည်နဲ့ ခေါက်ဖျော်ပြီး မျက်နှာမှာလိမ်းထား၊ ခဏကြာမှမျက်နှာသစ်ပါ။ ဝက်ခြံဖုတွေ ပြည်တည်ပြီး ပြည်မပေါက်ဖြစ်နေရင် နနွင်းမှုန့်နဲ့ပျားရည်ရောနယ်ပြီးလိမ်းပေးပါ။ ဝက်ခြံအလုံးကြီးဖြစ်ပြီး ပြည်တည်နေရင် လက်ဖက်အစိုနဲ့ ဆားခါးအနည်းငယ် ရောနယ်ပြီးအုံပေးပါ။ ဝက်ခြံအမာရွတ်တွေဖြစ်ရင် ကွမ်းသီးခြမ်းကိုသွေးလိမ်းပါ။ ဝမ်းချုပ်ရင် ဝက်ခြံဖုထွက်ပါတယ်။ ညအိပ်ခါနီး မန်ကျည်းဖျော်ရည် တစ်ဖန်ခွက်မှာ ဆားခါးတစ်ဇွန်းထည့် ဖျော်သောက်ပါ။ အိပ်ရေးမဝသူတွေ၊ နေမြင့်အောင်အိပ်တတ်သူတွေမှာလဲ ဝက်ခြံဖုထွက်တတ်ပါတယ်။ စောစောအိပ်ရာဝင်၊ စောစောအိပ်ရာထတာဟာ ဝက်ခြံထွက်သက်သာစေနိုင်ပါတယ်။ အစားအသောက်ကလဲ ဝက်ခြံထွက်စေနိုင်ပါတယ်။ အဆီများတဲ့အစာတွေ၊ ရယ်ဒီမိတ်အစာတွေ၊ အငန်များတဲ့အစာတွေ၊ ငါးပိ၊ ငါးပိကောင်၊ ငံပြာရည်ချက်တွေ ရှောင်ကြဉ်စားပါ။ အချဉ်ဓာတ်က ဝက်ခြံထွက်သက်သာစေပါတယ်။ သံပရာဖျော်ရည်သောက်ပါ။ ရှောက်သီးသုပ်စားပေးပါ။ ရေများများသောက်ပါ။ ညအိပ်ရာဝင်ခါနီး သံပရာရည်အနည်းငယ်နဲ့ သနပ်ခါးကိုရောသွေးပြီး မျက်နှာမှာလိမ်းအိပ်ပါက ဝက်ခြံတွေ သက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျား။ ကျွန်တော်က စက်ချုပ်တာ နှစ်ပေါင်း ၄၀ လောက်ရှိပါပြီ။ အထိုင်များလို့ ဝမ်းချုပ်ရာကနေ လိပ်ခေါင်းဖြစ်လာပါတယ်။ တစ်ခါတစ်ရံ ဝမ်းတအားချုပ်ရင် သွေးပါတတ်ပါတယ်။ ဝမ်းနုတ်ဆေးတွေ မကြာခဏ စားရပါတယ်။ လိပ်ခေါင်းက ပထမတော့ ဝမ်းသွားပြီး ရေများများသုံးပေးရင် ပြန်ဝင်သွားပါတယ်။ အခုနောက်ပိုင်း ပြန်မဝင်ဘဲ ဇအိုဝမှာတစ်ဆို့ဆိုဖြစ်သလို ခံစားနေရပါတယ်။ အခြားကျွန်တော့်မိတ်ဆွေတွေမှာလဲ လိပ်ခေါင်းဖြစ်သူအတော်များများရှိပါတယ်။ လိပ်ခေါင်းရောဂါအတွက် ဘယ်လိုနေထိုင်ပြုမူရမယ်ဆိုတာညွှန်ပြပေးပါ။ မခွဲမစိတ်ဘဲ လိပ်ခေါင်းပျောက်နိုင်မဲ့ နည်းလမ်းလေးတွေရှိရင်လဲ သိလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ လိပ်ခေါင်းဖြစ်ရင် ကျားမနိုင်နွယ်မြစ်ကို သွေးပြီး အုန်းဆီနဲ့ရော စအိုအတွင်းထိဝင်နိုင်သလောက်လိမ်းပေးပါ။ ရှားစောင်းလက်ပပ်အနှစ်အသားကို ပြန်မဝင်တဲ့လိပ်ခေါင်းမှာ ကပ်ပေးထားရင် ပြန်ဝင်နိုင်ပါတယ်။ လိပ်ခေါင်းသွေးကျပြီး ပြန်မဝင်ရင် အင်တုံကြီးကြီးတစ်ခုမှာ ဆားခါး ၁၀ ကျပ်သားကို ရေအေးနဲ့ဖျော် ဖင်ထိုင်ပေးရင် လိပ်ခေါင်းပြန်ဝင်နိုင်ပါတယ်။ ဝမ်းမှန်စေဖို့အတွက် အပူဝမ်းနုတ်ဆေးတွေ မသောက်ပါနဲ့။ မန်ကျည်းမှည့်ဖျော်ရည်မှာ ဆားခါးဟင်းစားဇွန်း နှစ်ဇွန်းထည့်ဖျော်ပြီး ညအိပ်ရာဝင်သောက်ပေးပါ။ လိပ်ခေါင်းသွေးကျရင် ပန်းလဲပွင့်ခြောက် ပရဆေးဆိုင်မှာ မေးဝယ်ပါ။ ပြုတ်သောက်ပါ။ ဒါမှမဟုတ် လက်ဖက်ခြောက်လို ရေနွေးမှာခတ်ပြီး သောက်ပါ။ လိပ်ခေါင်းရှိသူတွေ အပူအစပ်၊ အရက်ရှောင်ပါ။ ဝမ်းချုပ်စေတဲ့ ကောက်ညှင်း၊ ဆန်စေးတွေရှောင်ပါ။ ကန်စွန်းရွက်ချဉ်ရည်ဟင်းကို မန်ကျည်းမှည့်နဲ့ ရှောက်ရည်တွေ ထည့်ချက်ပေးရင် ဝမ်းမှန်စေနိုင်ပါတယ်။ ဖီးကြမ်းငှက်ပျောသီးမှည့်၊ သင်္ဘောသီးမှည့်တွေ မနက်၊ ည ထမင်းစားပြီးတိုင်းစားပေးပါ။ အထိုင်များသူတွေ မနက်စောစော ဒါမှမဟုတ် ညနေပိုင်း နှစ်မိုင်လောက်လမ်းလျှောက်ပေးပါ။ အိမ်သာသွားရင် ဆောင့်ကြောင့်ထိုင်သွားရတဲ့အိမ်သာကြောင့် လိပ်ခေါင်းပိုထွက်တတ်ပါတယ်။ ဗိုလ်ထိုင်အိမ်သာ ဒါမှမဟုတ် ကမုတ်ထိုင် အိမ်သာကို အသုံးပြုပေးပါ။ တိုင်းရင်းဆေးအမှတ် (၁၂)စက္ကုပါလဆေးကို ပျားရည်နဲ့ ရောစပ်ပြီး ညအိပ်ရာဝင်သောက်ပေးပါက ဝမ်းမှန်တဲ့အပြင် စအိုပူတာ၊ ရောင်တာ၊ လိပ်ခေါင်းသွေးကျတာတွေ သက်သာစေနိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၆ ဘီလီယံရရှိထား

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံက ပြည်ပနိုင်ငံများသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၆ ဘီလီယံ ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးထံမှ သိရသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံက စက်မှုကုန်ချောပစ္စည်းများ နိုင်ငံတကာသို့တင်ပို့ရာတွင် နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၆ ဘီလီယံရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံရရှိထားကြောင်း သိရသည်။

"အခု ဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ ဒီဇင်ဘာ ၃၁ ရက်ထိ CMP လက်ခစားချုပ်ပြီးအထည်အပါအဝင် စက်မှုကုန်ချောတင်ပို့မှုက အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၆ ဘီလီယံ ရရှိထားပါတယ်။ အများဆုံးတင်ပို့ထားတာကတော့ CMP လက်ခစားချုပ်ပြီးအထည်တွေပဲ ဖြစ်ပါတယ်။ CMP လက်ခစားလုပ်ငန်းတွေအတွက် ကုန်ကြမ်းကိုတော့ တရုတ်နိုင်ငံက တင်သွင်းတာဖြစ်ပါတယ်။ လက်ရှိမှာ အထည်ချုပ်လုပ်ငန်းအပြင် ဖိနပ်၊ အိတ်ချုပ်လုပ်ငန်း၊ ပလတ်စတစ်ကုန်ပစ္စည်းထုတ်လုပ်တဲ့လုပ်ငန်း၊ ဆံပင်အတုလုပ်ငန်းတွေအပြင် အခြားလုပ်ငန်းတွေကိုလဲ ဆောင်ရွက်နေပြီး CMP လုပ်ငန်းအမျိုးအစားပေါင်း ၇၀ ကျော်ထိ ရှိနေပြီဖြစ်ပါတယ်"ဟု ဦးမင်းအောင်အေးက ပြောပြသည်။

မြန်မာနိုင်ငံက တင်ပို့နေသည့် စက်မှုကုန်ချောပစ္စည်း အုပ်စုတွင် CMP လက်ခစား ချုပ်ပြီးအထည်၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့၊ သကြားနှင့် အခြားစက်မှုကုန်ချောပစ္စည်းများ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များတွင် CMP ချုပ်ပြီးအထည်တင်ပို့မှုသည် ပထမနေရာ၌ရှိပြီး ဒုတိယနေရာတွင် သဘာဝဓာတ်ငွေ့ဖြစ်ကြောင်း သိရသည်။

ASH



# စလင်းမြို့နယ် ရုံးပင်ကန်(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်လယ်ကျေးရွာအုပ်စု ရုံးပင်ကန်(မ) ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက ချေးငွေရယူသူ အသင်းသားများအနေဖြင့် အရင်း၊ အတိုးငွေများ သတ်မှတ်ရက်ထက်နောက်မကျဘဲ အချိန်မီပေးသွင်းရမည်ဖြစ်ကြောင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရုံးပင်ကန်(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၉၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းသန်းရိုး**

# ခွာညိုနှင်းစို လပြာသို

- နတ်တော်လွန်မြောက် ချိန်ရောက်လပြာသို
  တိမ်ခြေငယ်ရှင်း မြူနှင်းကစိုစို
  စုံမြိုင်တစ်ခို ခွာညိုပန်းလှ
  ရှစ်ခွင်တိုင်းလေ ဂနိုင်ဖွေ
  ကြိုင်ပေထုံမွှေး ပွင့်ကြသည်တည့်လေး။

- ဖုဿနက္ခတ် စန်းမြတ်ယှဉ်ကာ
  ရာသီလက မကရခေါ်တာ
  ရာသီရုပ်မှာ မှတ်ပါမကန်း
  မြင်းခင်းသဘင် နွဲဆင်ယင်
  ပွဲတွင်တက်ကြွ ရွှင်လန်းသည်တည့်လေး။

- ရဝေဘုံနန်း မင်းခမ်းစုံလင်စွာ
  မြင်းခင်းဆင်ခင်း ပြည်တွင်းညီညီညာ
  ရှေးအစဉ်လာ ရိုးရာဓလေ့ပွဲ
  နိုင်ငံ့ဂုဏ်ရောင် သတ္တိပြောင်
  စွမ်းဆောင်ယှဉ်ပြိုင် နွဲကြသည်တည့်လေး။

- လက်ရုံးရည်ပွဲ ဆင်နွဲလရာသီ
  မင်းညီမင်းသား အမတ်များမကျန်ပြီ
  တက်ညီလက်ညီ ပွဲစည်ဟစ်ကြွေး
  မြင်းအထက်မှာ လှံကိုင်ကာ
  မြန်စွာစီးနင်း ပြေးသည်တည့်လေး။

- နေခြည်နုထွေး ငှက်ကျေးသံသာသာ
  ရာသီမှာလည်း လွန်ပဲသာသာယာ
  စုံတောမြိုင်မှာ ပွင့်ဖြာရနံ့လွှမ်း
  မြူနှင်းစိုစို အလှပို
  ခွာညိုပွင့်ပန်း တင့်ဆန်းသည်တည့်လေး။

- အချမ်းအအေးပို ပြာသိုလပေါ့အတည်
  နွယ်ပန်းခွာညို မြိုင်တစ်ခိုပွင့်တော့သည်။

**ကိုကျော်စွာ(ကျိုက်ပိ)**

# နမ့်စန်မြို့နယ် ထင်းရှူးမြိုင်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နမ့်စန် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထင်းရှူးမြိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထင်းရှူးမြိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထင်းရှူးမြိုင်ကျေးရွာ၌ VRFP စီမံကိန်းကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သံသာ**

# နိုင်ငံတကာ သတင်းများ

## ဆီးရီးယားနှင့်တူရကီနိုင်ငံခြားရေးဝန်ကြီးတို့ ဖေဖော်ဝါရီလတွင် တွေ့ဆုံဆွေးနွေးမည်

**အင်ကာရာ ဇန်နဝါရီ ၁၃**

တူရကီနိုင်ငံခြားရေး ဝန်ကြီး မိဗလွတ် ကာဗူဆိုဂလူသည် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့် လာမည့် ဖေဖော်ဝါရီလအတွင်း တွေ့ဆုံရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

တူရကီနိုင်ငံခြားရေး ဝန်ကြီးသည် အစောပိုင်းက ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့် ယခုရက်သတ္တပတ်အတွင်း တွေ့ဆုံရန် စီစဉ်ထားကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

အဆိုပါသတင်းများကို တူရကီနိုင်ငံခြားရေးဝန်ကြီး မိဗလွတ် ကာဗူဆိုဂလူက ဇန်နဝါရီ ၁၂ ရက်တွင် ငြင်းပယ်ခဲ့ပြီး ၎င်းအနေဖြင့် လာမည့် ဖေဖော်ဝါရီလအတွင်းမှသာ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်မီကဒက်နှင့် တွေ့ဆုံ ဆွေးနွေးမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

တူရကီနှင့်ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး နှစ်ဦးတို့အကြား ဆွေးနွေးပွဲသည် ဆီးရီးယားပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ပထမဆုံး နှစ်နိုင်ငံ အဆင့်မြင့် တာဝန်ရှိသူများအဆင့် ဆွေးနွေးပွဲဖြစ်လာမည်ဖြစ်သည်။

ဆီးရီးယားပြည်တွင်းစစ်အတွင်း တူရကီနိုင်ငံသည် ဆီးရီးယားအစိုးရကို တိုက်ခိုက်နေသော သူပုန်များကို အားပေးထောက်ခံခဲ့ရာ နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာခဲ့ရသည်။

သို့သော်လည်း လက်ရှိအချိန်တွင် ဆီးရီးယားနှင့်တူရကီနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးပုံစံကို ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းလျက်ရှိရာ ပြီးခဲ့သည့်လအတွင်းက နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများ ရုရှားနိုင်ငံ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

KKO

## ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးကို လုပ်ကြံခဲ့သူ ဂျပန်အစိုးရရှေ့နေများက လူသတ်မှုဖြင့်တရားစွဲဆို



**တိုကျို ဇန်နဝါရီ ၁၃**

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးကို လုပ်ကြံခဲ့သူအဖြစ် သံသယရှိသူ အမျိုးသားကို အစိုးရရှေ့နေများက ယနေ့တွင် လူသတ်မှုဖြင့် တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တီဆုယာ ယာမာဂါမီအမည်ရှိ အသက် ၄၂ နှစ်အရွယ် အဆိုပါ အမျိုးသားကို နာရာခရိုင်ပြည်သူ့တရားရုံးက လူသတ်မှု၊ လက်နက်ကိုင်ဆောင်ခွင့်ဥပဒေ ချိုးဖောက်မှုများဖြင့် တရားစွဲဆိုလိုက်ခြင်းဖြစ်ကြောင်း နာရာခရိုင်တရားရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါ တီဆုယာ ယာမာဂါမီကို ခြောက်လကြာ စိတ်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အစိုးရရှေ့နေများက တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးသည် ၂၀၂၂ ခုနှစ် ဇူလိုင် ၈ ရက်က နာရာမြို့၌ မဲဆွယ်ပွဲပြုလုပ်နေစဉ် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံခဲ့ရသည်။

လုပ်ကြံမှု ကျူးလွန်သူအဖြစ် ယူဆရသည့် တီဆုယာ ယာမာဂါမီကို ရှင်ဇိုအာဘေးလုပ်ကြံခံခဲ့ရသော နေရာအနီး၌ပင် လက်လုပ်သေနတ်တစ်လက်နှင့်အတူ ဂျပန်ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လုပ်ကြံခံရမှုသည် တစ်ကမ္ဘာလုံး တုန်လှုပ်ခဲ့ရသော မှုခင်းဖြစ်စဉ်တစ်ခု ဖြစ်ခဲ့ကြောင်း သိရသည်။

KKO

## ဘိုးအင်း ၇၃၇ မက်ဇ် ခရီးသည်တင်လေယာဉ် တရုတ်နိုင်ငံ၌ စတင်ပျံသန်း



**ပေကျင်း ဇန်နဝါရီ ၁၃**

ဘိုးအင်းကုမ္ပဏီထုတ် ဘိုးအင်း ၇၃၇ မက်ဇ် ခရီးသည်တင်လေယာဉ်တစ်စင်းသည် လေးနှစ်နီးပါးကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ယနေ့တွင် လေကြောင်းခရီးစဉ်တစ်ခုပျံသန်းပြေးဆွဲပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘိုးအင်း ၇၃၇ မက်ဇ်ခရီးသည်တင်လေယာဉ် စတင်ပျံသန်းနိုင်ခြင်းသည် အမေရိကန်အခြေစိုက် ဘိုးအင်းကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံ၌ ၎င်းတို့၏ စီးပွားရေးကို ပြန်လည်တည်ဆောက်နိုင်မည့်အခွင့်အလမ်းပြန်လည်ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

တရုတ်တောင်ပိုင်းလေကြောင်းလိုင်းသည် ယနေ့တွင် ဘိုးအင်း ၇၃၇ မက်ဇ် လေယာဉ်တစ်စင်းဖြင့် ပြည်တွင်းခရီးစဉ်ဖြစ်သည့် ကွမ်ကျိုး-ကျန်ကျိုးခရီးစဉ်သို့ ပျံသန်းပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့၌ ဘိုးအင်း ၇၃၇ မက်ဇ် လေယာဉ်များ ပျက်ကျခဲ့ရပြီးနောက် ၂၀၁၉ ခုနှစ်မှစ၍ တရုတ်နိုင်ငံသည် ဘိုးအင်း ၇၃၇ မက်ဇ် လေယာဉ်များပျံသန်းမှုကို အနားပေးခဲ့သည်။

အခြားနိုင်ငံတကာလေကြောင်းလိုင်းများက အဆိုပါ လေယာဉ်များကို ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် စတင်၍ ပျံသန်းခဲ့ကြသော်လည်း တရုတ်နိုင်ငံကမူ ယနေ့မှ စတင်ပျံသန်းခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် အီသီယိုးပီးယားနှင့် အင်ဒိုနီးရှားလေယာဉ်ပျက်ကျမှုများ ဖြစ်ပွားခဲ့ပြီးနောက် ၇၃၇ မက်ဇ် လေယာဉ်များကို ပျံသန်းမှုအနားပေးခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ KKO

## တရုတ်-အိန္ဒိယနယ်စပ် အခြေအနေတည်ငြိမ်နေသော်လည်း ခန့်မှန်းရခက်နေဆဲဖြစ်ကြောင်း အိန္ဒိယကြည်းတပ်စစ်ဦးစီးချုပ် ပြောကြား

**ဒေလီ ဇန်နဝါရီ ၁၃**

၂၀၂၀ ပြည့်နှစ် နယ်စပ်ရန်ပွဲအပြီးတွင် တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံနယ်စပ်မှာ တည်ငြိမ်မှုရှိလာပြီဖြစ်သော်လည်း ခန့်မှန်းရခက်ခဲနေဆဲဖြစ်ကြောင်း အိန္ဒိယကြည်းတပ်အကြီးအကဲက ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းက တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံ နယ်စပ် ပိုင်ဆိုင်ခွင့်အငြင်းပွားနယ်မြေတစ်ခုဖြစ်သော လာဒက်ခ် နယ်မြေ၌ နှစ်ဖက်တပ်များအကြား ရန်ပွဲဖြစ်ပွားခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်၌ ထောင်ပေါင်းများစွာသော နှစ်ဖက်တပ်ဖွဲ့ဝင်များကို ရင်ဆိုင်တပ်စွဲခဲ့ကြကြောင်း ရိုက်တာသတင်းဌာန၏ ဖော်ပြချက်အရသိရသည်။

သို့သော်လည်း တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် သံတမန်ရေးနှင့် စစ်ရေးအဆင့်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နေကြကြောင်း၊ လက်ရှိ တရုတ်-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်အခြေအနေမှာ တည်ငြိမ်နေသော်လည်း ခန့်မှန်းရခက်ခဲနေဆဲဖြစ်ကြောင်း အိန္ဒိယကြည်းတပ်စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး မန်နော့ဂျ်ပင်ဒီက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် အက်စ်ဆိုင်းချင်းလွင်ပြင်၌ အိန္ဒိယပိုင်နယ်မြေ စတုရန်းမိုင် ၁၅၀၀၀ ကို သိမ်းယူထားကြောင်း အိန္ဒိယအစိုးရက ပြောကြားထားသည်။

အက်စ်ဆိုင်းချင်းလွင်ပြင်သည် အိန္ဒိယနှင့်တရုတ် နှစ်ဖက်တပ်များ လက်ရှိတွင် ရင်ဆိုင်တပ်စွဲထားသည့် လာဒက်ခ်နယ်မြေ၏အစိတ်အပိုင်းအဖြစ် အိန္ဒိယနိုင်ငံက မှတ်ယူထားကြောင်း သိရသည်။

KKO

## အစိုးရအဆောက်အအုံများအတွင်း ဆန္ဒပြသမားများ ဝင်ရောက်လာမှုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပတ်သက်မှုရှိဟု ဘရာဇီးသမ္မတပြောကြား

**ဘရာဇီးလီးယား ဇန်နဝါရီ ၁၃**



ဘရာဇီးလီးယားမြို့အတွင်းရှိ အစိုးရ အဆောက်အအုံများအတွင်းသို့ အစိုးရဆန့်ကျင်ရေး ဆန္ဒပြသမားများ ဝင်ရောက်လာမှုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်နေကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတဟောင်း ဘော်လ်ဆိုနာရိုအပေါ် သစ္စာခံထားသည့် အမာခံများကို ဘရာဇီးလက်နက်ကိုင်တပ်ဖွဲ့များက ဖယ်ရှားရန်လည်း သမ္မတ လူလာဒါဆေးလ်ဗားက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလ သမ္မတရွေးကောက်ပွဲ၌ အရေးနိမ့်ခဲ့ရသည့် သမ္မတဟောင်း ဘော်လ်ဆိုနာရိုအား ထောက်ခံသူ ဆန္ဒပြသမားများသည် ဇန်နဝါရီ ၈ ရက်က ဘရာဇီးလီးယားမြို့ရှိ ဘရာဇီးကွန်ဂရက်လွှတ်တော်၊ တရားလွှတ်တော်ချုပ်နှင့် သမ္မတနန်းတော်တို့အတွင်း ဝင်ရောက်၍ ဆူပူဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်အတွင်း ရဲတပ်ဖွဲ့ဝင်အများအပြားမှာ ဆန္ဒပြသမားများ အစိုးရအဆောက်အအုံများအား ဝင်ရောက်စီးနင်းမှုကို လက်ပိုက်ကြည့်ခဲ့ကြကြောင်း သမ္မတ လူလာဒါဆေးလ်ဗားက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဘရာဇီး အာဏာပိုင်များသည် အစိုးရအဆောက်အအုံများတွင်း ဆန္ဒပြသမားများ ဝင်ရောက်နိုင်ခဲ့မှုအတွက် တာဝန်ရှိသူများကို ဖော်ထုတ်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

သမ္မတဟောင်း ဘော်လ်ဆိုနာရိုကို ထောက်ခံသူ ဆန္ဒပြသမားများသည် ဘရာဇီးသမ္မတသစ်အဖြစ် လူလာဒါဆေးလ်ဗား ကျမ်းသစ္စာကျိန်ဆိုပြီး ရက်သတ္တ တစ်ပတ်ကြာတွင် ဘရာဇီးကွန်ဂရက်၊ တရားလွှတ်တော်ချုပ်နှင့် သမ္မတနန်းတော်တို့ကို ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ရုရှားနိုင်ငံက နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ် ၌သောင်တင်နေသည့် အာကာသယာဉ်မှူးများပြန်လည်ခေါ်ယူရေး ဆိုယုဇ်အာကာသလူသယ်ယာဉ်သစ် လွှတ်တင်ရန်စီစဉ်



**မော်စကို ဇန်နဝါရီ ၁၃**

ဆိုယုဇ် MS-22 အာကာသ လူသယ်ယာဉ် အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာကြောင့် နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်၌ သောင်တင်နေရသည့် အာကာသယာဉ်မှူးများကို ပြန်လည်ခေါ်ယူရေးအတွက် ဆိုယုဇ်အာကာသ လူသယ်ယာဉ်သစ်ကို လွှတ်တင်ရန် ရုရှားနိုင်ငံက စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၂ ရက်က ရေးသားတင်ပြထားသည်။

ရုရှားအာကာသ အေဂျင်စီသည် ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ်ကို လာမည့်ဖေဖော်ဝါရီ ၂၀ ရက်တွင် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသလူသယ်ယာဉ်သည် အအေးပေးစနစ် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်နေသော ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်နေရာ၌ ဝင်ရောက်၍ နိုင်ငံတကာ အာကာသစခန်းယာဉ်မှူးသုံးဦးကို ကမ္ဘာမြေသို့ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်း၌ လက်ရှိဆိုက်ကပ်ထားသည့် ဆိုယုဇ် MS-22 အာကာသလူသယ်ယာဉ်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၄ ရက်ကပင် အအေးပေးစနစ်ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ဥက္ကာခဲငယ်တစ်ခုဝင်တိုက်မှုကြောင့် အဆိုပါအာကာသယာဉ် အအေးပေးစနစ် ဓာတ်ငွေ့များ ယိုစိမ့်ခဲ့ရခြင်းဖြစ်နိုင်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီနှင့် ရုရှားအာကာသအေဂျင်စီတို့က ပြောကြားထားကြောင်း သိရသည်။

KKO

# HEALTH

## ပြင်းထန်လေ့ကျင့်ခန်းများခြောက်မိနစ်မျှလုပ်ခြင်းဖြင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို တားဆီးပေးနိုင်

**ဝယ်လင်တန် ဇန်နဝါရီ ၁၃**

ပြင်းပြင်းထန်ထန် အားစိုက်ရသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို နေ့စဉ်ခြောက်မိနစ်မျှ ပြုလုပ်ခြင်းဖြင့် အယ်ဇိုင်းမားရောဂါ ဖြစ်ပွားနိုင်ခြေကို တားဆီးပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇန်နဝါရီ ၁၂ ရက်က ရေးသားတင်ပြထားသည်။

အားစိုက်ပြုလုပ်ရသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုများကို အချိန်အနည်းငယ်ပေး၍ ပြုလုပ်ခြင်းဖြင့် ဦးနှောက်၏သက်တမ်းကို ဆန့်ထုတ်ပေးနိုင်ပြီး တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုကိုလည်း ထိန်းပေးထားနိုင်ကြောင်း နယူးဇီလန်နိုင်ငံ အိုတာဂိုတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အချိန်တိုတောင်းသော်လည်း ပြင်းထန်သည့်လေ့ကျင့်ခန်းတို့သည် BDNF ခေါ် ပရိုတင်းတစ်မျိုး ထွက်ပေါ်မှုကို မြှင့်တင်ပေးနိုင်ကြောင်း၊ အဆိုပါ ပရိုတင်းသည် ဦးနှောက်ဖွံ့စည်းတည်ဆောက်မှု၊ သင်ယူမှုနှင့် မှတ်ဉာဏ်တို့အတွက် မရှိမဖြစ်အရေးကြီးသော ပရိုတင်းတစ်မျိုးဖြစ်ပြီး ဦးနှောက်၏လမ်းကြောင်းသစ်၊ ဆက်ကြောင်းသစ်များ ဖန်တီးနိုင်စွမ်းကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် BDNF ပရိုတင်း ထွက်ပေါ်မှုအဆင့်ကို ဆေးဝါးများ၊ ကုထုံးများဖြင့် မြှင့်တင်၍မရနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

BDNF ပရိုတင်းထွက်ပေါ်မှုကို အထိရောက်ဆုံးမြှင့်တင်နိုင်မည့် နည်းလမ်းမှာ ပြင်းထန်သည့် လေ့ကျင့်ခန်းများကို အချိန်တိုပြုလုပ်မှုဖြစ်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ် ပထမဆုံးနေအဖွဲ့အစည်းပြင်ပဂြိုဟ်ကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ၎င်း၏ပထမဆုံး နေအဖွဲ့အစည်းပြင်ပဂြိုဟ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၂ ရက်က ရေးသားတင်ပြထားသည်။

LHS-475b ဟူ၍ အမည်ပေးထားသော အဆိုပါဂြိုဟ်၏အချင်းသည် ကမ္ဘာမြေအချင်း၏ ၉၉ ရာခိုင်နှုန်းထိရှိသော ကျောက်သားဂြိုဟ်တစ်စင်းဖြစ်သည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိထားသော အချက်အလက်များအရ LHS-475b ဂြိုဟ်၏အပူချိန်သည် ကမ္ဘာမြေထက် ဒီဂရီရာဂဏန်းအနည်းငယ်ပိုမြင့်မားပြီး မိခင်ကြယ်ကို နှစ်ရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်လျက်ရှိကြောင်း သိရသည်။



LHS-475b ဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၄၁ နှစ်အကွာတွင်တည်ရှိပြီး လေထုလွှာပိုင်ဆိုင်ထားခြင်း ရှိ၊ မရှိ မသိရသေးကြောင်း၊ အဆိုပါဂြိုဟ်သည် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေပေးခဲ့သော ပထမဆုံးကမ္ဘာနှင့်အရွယ်တူ ကျောက်သားဂြိုဟ်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နာဆာသိပ္ပံပညာရှင်များသည် LHS-475b ဂြိုဟ်၌လေထုလွှာရှိ၊ မရှိနှင့်ရှိခဲ့ပါက မည်သို့မည်ပုံ ဖွဲ့စည်းထားသည်ကို ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်ဖြင့် လေ့လာရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

KKO

## Ambroxol ချောင်းဆိုးပျောက်ဆေးက ပါကင်ဆန်ရောဂါတိုးလာမှုကို လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၁၃**

ချောင်းဆိုးပျောက်ဆေး၊ ချွဲသလိပ်ပျော်ဆေးတစ်မျိုးဖြစ်သည့် Ambroxol ခေါ် ဆေးတစ်မျိုးသည် ပါကင်ဆန်ရောဂါတိုးလာမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၂ ရက်က ရေးသားတင်ပြထားသည်။

ဒုတိယအဆင့် စမ်းသပ်မှုမှ ထွက်ပေါ်လာသော ရလဒ်များအရ Ambroxol ဆေးသည် ဦးနှောက်တွင်းသို့ တိုက်ရိုက်ရောက်ရှိသွားနိုင်ပြီး G Case (Glucocerebrosidase)ခေါ် ပရိုတင်းတစ်မျိုး ပေါ်ထွက်မှုအဆင့်ကို မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

G Case ပရိုတင်းသည် Alpha-Synuclein ခေါ် စွန့်ပစ် ပရိုတင်းများကို ဖယ်ရှားရေးအတွက် ဆဲလ်များကိုလှုံ့ဆော်ပေးနိုင်သော ပရိုတင်းတစ်မျိုးဖြစ်ကြောင်း၊ ပါကင်ဆန်ရောဂါလူနာများတွင် စုစည်းနေတတ်သည့် Alpha-Synuclein ပရိုတင်းများသည် ပါကင်ဆန်ရောဂါ၏နောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဒုတိယအဆင့်စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Ambroxol ဆေးသည် ပါကင်ဆန်ရောဂါလူနာများအတွက် ဘေးကင်း လုံခြုံမှုလည်းရှိကြောင်း၊ လက်ရှိအချိန်တွင် အမေရိကန် သုတေသန ပညာရှင်များသည် Ambroxol ဆေး၏ အာနိသင်ကို အတည်ပြုရေးအတွက် လူနာဦးရေ ၃၃၀ ထိပါဝင်မည့် တတိယအဆင့် စမ်းသပ်မှုကိုပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ KKO




## တရုတ်နိုင်ငံက ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၆၀ ကျော် လွှတ်တင်ရန် စီစဉ်ထား

**ပေကျင်း ဇန်နဝါရီ ၁၃**

တရုတ်နိုင်ငံက ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၆၀ ကျော် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဆင်ဟွာသတင်းဌာနက ဇန်နဝါရီ ၁၂ ရက်က ရေးသားတင်ပြထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၅၀ ကျော်ထိ လွှတ်တင်မည်ဖြစ်ပြီး အခြားတရုတ်အာကာသအဖွဲ့အစည်းများက အာကာသမစ်ရှင် ၁၀ ခုကျော်ထိ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အာကာသမစ်ရှင်များအနက် တီယန်ကောင်းအာကာသမစ်ရှင်များအတွက် လောင်းမတ်ချ်-၂ အက်ဖ်နှင့် လောင်းမတ်ချ်-၇ ဒုံးပျံများက တာဝန်ယူမည်ဖြစ်သည်။

အလားတူ ယခုနှစ်အတွင်း ပြန်လည် အဆင့်မြှင့်တင်မွမ်းမံထားသော လောင်းမတ်ချ်-၆ ဒုံးပျံသစ်ကို ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် လလေ့လာရေးမစ်ရှင်များနှင့် ဂြိုဟ်လေ့လာရေးမစ်ရှင်များကို ၂၀၂၃ ခုနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော်ရန်လည်း တရုတ်အမျိုးသားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ်အတွင်း တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ချန်အာ-၇ လလေ့လာရေး အာကာသယာဉ်၊ တီယန်ဝန်-၂ အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်နှင့် အခြားအာကာသယာဉ်များကို တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်များ

ML

**ချဲလ်ဆီး Vs ပဲလေ့စ်**

**ကစားမည့်ရက်/အချိန် ၁၅-၁-၂၀၂၃ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပဲလေ့စ် ၁ - ၂ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ချဲလ်ဆီး** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** |
| **ပဲလေ့စ်** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** |

နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲမရသေးတဲ့ ချဲလ်ဆီးအသင်းအနေနဲ့ အခုပွဲစဉ်မှာ နိုင်ပွဲရရှိမှသာ ဖိအားအောက်ကလွတ်မြောက်မှာ ဖြစ်ပါတယ်။ ပဲလေ့စ်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်းကျဆင်းလာတာကြောင့် အဝေးကွင်းပွဲစဉ်တွေမှာ ရှုံးကန်နေရတာကို တွေ့ရမှာပါ။ ဒါကြောင့် ချဲလ်ဆီးအသင်းပဲ နိုင်ပွဲရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ချဲလ်ဆီး ၂ – ၁ ပဲလေ့စ်**

**နယူးကာဆယ် Vs ဖူလ်ဟမ်**

**ကစားမည့်ရက်/အချိန် ၁၅-၁-၂၀၂၃ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖူလ်ဟမ် ၁ – ၄ နယူးကာဆယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **နယူးကာဆယ်** | – | **ဝေး(သရေ)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |
| **ဖူလ်ဟမ်** | – | **ဝေး(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

အခုရာသီမှာ အိမ်ကွင်းတစ်ပွဲသာ ရှုံးထားတဲ့ နယူးကာဆယ်ရဲ့ ခြေစွမ်းပိုင်းက တည်ငြိမ်နေတာကြောင့် အခုပွဲစဉ်မှာလဲ တိုက်စစ်မြှင့်ပြီး နိုင်ပွဲရှာဖွေလာမှာပါ။ ဖူလ်ဟမ်အသင်းက တိုက်စစ်ကစားပုံထက်မြက်ပေမဲ့ ၂၀၁၈ ခုနှစ်နောက်ပိုင်း နယူးကာဆယ်နဲ့တွေ့ဆုံမှုတိုင်းမှာ နိုင်ပွဲမရခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ဖူလ်ဟမ်အသင်း ရလဒ်မကောင်းနိုင်ပါဘူး။

**အင်တာနက်ခန့်မှန်း – နယူးကာဆယ် ၁ – ၀ ဖူလ်ဟမ်**

### အီတလီစီးရီးအေပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်

ML

**ဆက်ဆူအိုလို Vs လာဇီယို**

**ကစားမည့်ရက်/အချိန် ၁၅-၁-၂၀၂၃ (ည ၀၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လာဇီယို ၂ – ၁ ဆက်ဆူအိုလို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဆက်ဆူအိုလို** | – | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **လာဇီယို** | – | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |

ပြီးခဲ့တဲ့ ငါးပွဲဆက်ရှုံးပွဲကြုံထားတဲ့ ဆက်ဆူအိုလိုအသင်းအနေနဲ့ ဒဏ်ရာရကစားသမားတွေများနေတာကြောင့် အခုပွဲစဉ်မှာလဲ ရှုံးကန်ရမှာပါ။ လာဇီယိုအသင်းက ပြီးခဲ့တဲ့ စီးရီးအေနှစ်ပွဲစလုံး နိုင်ပွဲမရခဲ့ပေမဲ့ တိုက်စစ်ပိုင်းက သုံးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ထက်မြက်တဲ့ လာဇီယိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဆက်ဆူအိုလို ၁ – ၂ လာဇီယို**

### အားကစားသတင်း အတိုအထွာများ

- 2022 Puskas Award ဆုအတွက် အကောင်းဆုံး သွင်းဂိုး ကစားသမားစာရင်းတွင် တိုက်စစ်မှူး အမ်ဘာက်ပီ၊ ရစ်ချာလီဆန်နှင့် ဘာလိုတယ်လီတို့၏ သွင်းဂိုးများက ထိပ်ဆုံးတွင် ရေပန်းစားနေကြောင်း သိရသည်။
- တိုက်စစ်မှူး မူကိုကိုအား လေးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဒေါ့မွန်အသင်းက ထုတ်ပြန်ကြေညာခဲ့သည်။
- ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းက တိုက်စစ်မှူး မက်ဆီကို တစ်နှစ်လုပ်ခ စတာလင်ပေါင် ၂၄၅ သန်းဖြင့် ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။ ML

## Pre Sea Game မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပမည်




**ရန်ကုန် ဇန်နဝါရီ ၁၃**

Pre Sea Game အမည်ရှိ မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲစိန်ခေါ်ပွဲကို လာမည့် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားတွဲဆိုင်း ငါးဆိုင်းနှင့် အမျိုးသမီးတွဲဆိုင်း တစ်ဆိုင်းဖြင့် စုစုပေါင်း တွဲဆိုင်း ခြောက်ဆိုင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

Pre Sea Game မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲစိန်ခေါ်ပွဲ အမျိုးသားတွဲဆိုင်းများ၏ လေးချိတွဲဆိုင်းအဖြစ် ၅၇ ကီလိုတန်းပွဲစဉ်တွင် အောင်ထက်ဟိန်း (ဇွဲကပင်မြေကလပ်)နှင့် အောင်ထက်ဦး (ဒို့ရိုးရာကလပ်)၊ ငါးချိတွဲဆိုင်းများအဖြစ် ၅၇-၆၀ ကီလိုတန်းပွဲစဉ်တွင် သွေးလင်းထက် (ဒေါနတောင်မြေကလပ်)နှင့် လှလေးစိန် (AMT-2 ကလပ်)၊ ဟိန်းထွန်းအောင် (အဖွဲ့ချုပ်)နှင့် ရှမ်းတောက် (AMT-2 ကလပ်)၊ ၆၇ ကီလိုတန်းပွဲစဉ်အဖြစ် ကိုနိုင်း (ဇာနည်သွေးကလပ်)နှင့် ဇွဲရာမာန်(အဖွဲ့ချုပ်)၊ ၆၃ ဒသမ ၅-၆၇ကီလိုတန်းပွဲစဉ်အဖြစ် အဲမို (အဖွဲ့ချုပ်)နှင့် တောက်ရှား(AMT-2ကလပ်) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

အလားတူ အမျိုးသမီး လေးချိစိန်ခေါ်ပွဲ ၅၇-၆၀ ကီလိုတန်းပွဲစဉ်အဖြစ် နော်ဥမ္မာစိုး(အဖွဲ့ချုပ်)နှင့် သံသာငြိမ့် (AMT-2 ကလပ်) တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲယှဉ်ပြိုင်ထိုးသတ်မှုများကို ပြည်တွင်းရုပ်သံလိုင်းဖြစ်သည့် Sky Net Sports-4 ရုပ်သံလိုင်းနှင့် Sky Net Sports-HD ရုပ်သံလိုင်းတို့မှ တိုက်ရိုက်ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။ STA

## Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို ဂျော်ဒန်စပိုက်၊ မောင့်ဂိုမာရီနှင့် ခရစ်ကစ်တို့ ပူးတွဲဦးဆောင်

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းတွင် ကျင်းပလျက်ရှိသည့် Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဂျော်ဒန်စပိုက်၊ မောင့်ဂိုမာရီနှင့် ခရစ်ကစ်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်းyahoo sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့သည့် ဂျော်ဒန်စပိုက်သည် ပထမနေ့တွင် ရလဒ်ကောင်းရယူနိုင်ခဲ့သလို ပုံစံကောင်းလည်း ပြသနိုင်ခဲ့သည်။

ဂျော်ဒန်စပိုက် အနေဖြင့် ၂၀၂၁ ခုနှစ် Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း အောင်မြင်မှုများဖြင့် ဝေးကွာနေရသည့် ကစားသမားတစ်ဦးဖြစ်ပြီး အောင်မြင်မှု ရရှိရေးအတွက် ပစ်မှတ်ထားကြိုးပမ်းလျက်ရှိသည်။

ဂျော်ဒန်စပိုက်က "ရလဒ်ကောင်းဖို့အတွက် အဓိက ကျတဲ့ Swing ရိုက်ချက်ပိုင်းနည်းစနစ်အပြောင်းအလဲ ပြုလုပ်ခဲ့တာ ရလဒ်ပိုင်း သိသိသာသာကောင်းမွန်ခဲ့တယ်။ ကျွန်တော်လေ့ကျင့်ပြင်ဆင်ထားတဲ့အတိုင်း ရိုက်နိုင်ခဲ့တယ်။ ပထမနေ့ ကိုးကျင်းကျော်လာတော့ လေတိုက်နှုန်းတွေ မြင့်တက်လာခဲ့တယ်။ လေတိုက်နှုန်း မြင့်တက်နေတဲ့အခြေအနေမျိုးမှာလဲ ရလဒ်ပိုင်းကျဆင်းမသွားအောင် ထိန်းနိုင်ခဲ့တယ်။ ပထမနေ့က ရလဒ်ပိုင်းနဲ့ ကစားပုံဟာ ကျွန်တော်လိုချင်တဲ့ ပုံစံအတိုင်းပါပဲ။ နောက်ဆုံးနေ့ထိ ဒီပုံစံကို ဆက်ထိန်းသိမ်းနိုင်မယ်ဆိုရင်တော့ ဒီပြိုင်ပွဲဟာ ကျွန်တော့်အတွက် ပျော်ရွှင်စရာအမှတ်တရတွေနဲ့ အဆုံးသတ်နိုင်မယ့် ပြိုင်ပွဲဖြစ်လာနိုင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့ပြင် ဂျော်ဒန်စပိုက်နှင့် အမှတ်ပေးဇယားထိပ်တွင် ပူးတွဲရပ်တည်နေသည့် ခရစ်ကစ်သည် ရက်သတ္တပတ် ခုနစ်ပတ်ခန့်ထိ ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲများမှ အနားယူထားရသူဖြစ်သော်လည်း ပထမနေ့တွင် ဂျော်ဒန်စပိုက်ကဲ့သို့ အကောင်းဆုံး ကစားထားနိုင်ခဲ့ပြီး အောင်မြင်မှု လမ်းကြောင်းပေါ်သို့ ပြန်လည် လျှောက်လှမ်းနိုင်ရေးအတွက် ပစ်မှတ်ထားကြိုးစားနေသူဖြစ်ကြောင်း သိရသည်။ AZL

## ဝုပ်အသင်းက နိုက်အသင်းကစားသမား လီမီနာကို စတာလင်ပေါင် ၈ ဒသမ ၉ သန်းဖြင့် ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၁၃**

ယခု အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမှုအများအပြားပြုလုပ်နေသည့် ဝုဗ်အသင်းက နိုက်အသင်း ကွင်းလယ်ကစားသမား လီမီနာကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၈ ဒသမ ၉ သန်းဖြင့် ထပ်မံခေါ်ယူနိုင်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား လီမီနာသည် ပရီးမီးယားလိဂ် ကလပ် ဖူလ်ဟမ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့တွင် ကစားခဲ့သည့် ကစားသမားဖြစ်ပြီး ယခုနှစ် ပြင်သစ်လီဂူးပြိုင်ပွဲတွင် ပုံမှန်ပွဲကစားခွင့်ရရှိခဲ့ကာ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဝုဗ်အသင်းက ပရီးမီးယားလိဂ် အတွေ့အကြုံများရှိသည့် ၎င်းကို စတာလင်ပေါင် ၈ ဒသမ ၉ သန်းဖြင့် ခေါ်ယူနိုင်ရန် အသင်းတာဝန်ရှိသူများက ဆွေးနွေးမှု ပြုလုပ်ခဲ့ရာ သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကစားသမားအနေဖြင့် အပြောင်းအရွှေ့အပြီးသတ်နိုင်ရန်အတွက် ပြင်သစ်နိုင်ငံမှအင်္ဂလန်သို့ ထွက်ခွာလာကာ ဝုဗ်အသင်းတွင် ဆေးစစ်မှုခံယူမည်ဖြစ်ပြီး ဆေးစစ်မှုအောင်မြင်ခဲ့ပါက တရားဝင်ကစားသမားအဖြစ် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။



ယခုနှစ် ဘောလုံးရာသီတွင် ဝုဗ်အသင်းသည် ရလဒ်ပိုင်းဆိုးရွားခဲ့သောကြောင့် နည်းပြဘရူနိုလက်ချ်ကို ထုတ်ပယ်ခဲ့ပြီး တန်းဆင်းဇုန်မှ လွတ်မြောက်နိုင်ရန်အတွက်နည်းပြလိုပက်တီဂူကို ခန့်အပ်ခဲ့ပြီးနောက်ပိုင်း ကစားသမားသစ်ခေါ်ယူမှုများ ဆက်တိုက်ပြုလုပ်ခဲ့ရာ ကွင်းလယ်ကစားသမား လီမီနာအပါအဝင် အေဗာတန်အသင်းမှ တိုက်စစ်မှူး ကန်ဟာကိုခေါ်ယူနိုင်ခဲ့သည့်အပြင် ဘာရာဇီးကလပ် ဖလာမင်ဂိုအသင်းမှ ဂိုမက်ဇ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သကဲ့သို့ ပီအက်စ်ဂျီအသင်းမှ ဆာရာဘီးယားကိုလည်း ထပ်မံခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။ ML

# စပိန်စူပါကပ် ဗိုလ်လုပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

**မက်ဒရစ် ဇန်နဝါရီ ၁၃**

စပိန်စူပါကပ် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဘာစီလိုနာအသင်းက ဘက်တစ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သောကြောင့် ဗိုလ်လုပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေကြောင်း Fotmob.com ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်ကို ဆော်ဒီအာရေဗျနိုင်ငံ အာရီယာဒ် အားကစားကွင်းတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေသဖြင့် အချိန်ပို ဆက်လက်ကစားခဲ့ရာ အချိန်ပိုတွင် တစ်ဖက်တစ်ဂိုးစီ ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် ဘာစီလိုနာအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းသည် အခြားဆီမီးဖိုင်နယ်ပွဲစဉ်မှ ဗလင်စီယာအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဗိုလ်လုပွဲတွင် ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အဆိုပါပွဲစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။



ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့သည် အစဉ်အလာရ ပြိုင်ဘက်ကောင်းများဖြစ်ပြီး သမိုင်းတစ်လျှောက် ထိပ်တိုက်တွေ့ဆုံမှု ၃၄ ကြိမ်တွင် ဘာစီလိုနာအသင်းက ၁၈ ကြိမ်နိုင်၊ ၁၀ ပွဲ သရေ ၁၆ ပွဲ ရှုံးရလဒ်ထွက်ပေါ်ခဲ့သော်လည်း စပိန်စူပါဖလားပွဲစဉ်များတွင် ရီးရဲလ်မက်ဒရစ်အသင်းကသာ အသာရထားကြောင်း သိရသည်။

ML

# ၂၀၂၂ ခုနှစ် ဖီဖာတစ်နှစ်တာအကောင်းဆုံးဂိုးသမားဆုအတွက် မာတီနက်ဇ်ရေပန်းစားနေ



**ဂျိနီဗာ ဇန်နဝါရီ ၁၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၂ ခုနှစ် ဖီဖာတစ်နှစ်တာ အကောင်းဆုံး ဂိုးသမားဆုအတွက် ဆန်ခါတင် ဂိုးသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ အာဂျင်တီးနားအသင်းနှင့် အေဗီလာအသင်း ဂိုးသမား မာတီနက်ဇ်က ထိပ်ဆုံးမှ ရေပန်းစားလျက် ရှိနေသည်ဟု Bleaceher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဖီဖာတစ်နှစ်တာ အကောင်းဆုံးဂိုးသမားဆုရရှိခဲ့သည့် ချဲလ်ဆီးအသင်းမှ ဂိုးသမား မန်ဒီအနေဖြင့် ဆန်ခါတင်စာရင်းတွင် ပါဝင်လာခြင်းမရှိသော်လည်း ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်စွမ်းပြသနိုင်ခဲ့သည့် ဂိုးသမားများ ပါဝင်လာခဲ့ကြသည်။

၂၀၂၂ ခုနှစ် ဖီဖာတစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုအတွက် ဆန်ခါတင် ဂိုးသမားစာရင်းတွင် အာဂျင်တီးနားအသင်း ၂၀၂၂ ကမ္ဘာ့ဖလားချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကနေရာမှပါဝင်ခဲ့ပြီး အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့သည့် ဂိုးသမား မာတီနက်ဇ်၊ မော်ရိုကိုအသင်း သမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ရာတွင် အဓိကနေရာမှ လက်စွမ်းပြသခဲ့သည့် မော်ရိုကိုအသင်းနှင့် ဆီဗီလာအသင်း ဂိုးသမား ဘိုနူ၊ ဘယ်လ်ဂျီယံအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း ဂိုးသမား ကော့တွိုက်၊ ဘရာဇီးအသင်းနှင့် လီဗာပူးအသင်းဂိုးသမား အလီဆန်ဘက်ကာ၊ ဘရာဇီးအသင်းနှင့် မန်စီးတီးအသင်း ဂိုးသမား အီဒါဆန်တို့ ပါဝင်လာခဲ့ကြသည်။

အလားတူ ၂၀၂၂ ခုနှစ် ဖီဖာတစ်နှစ်တာအကောင်းဆုံး အမျိုးသမီးဂိုးသမားဆုအတွက် ဆန်ခါတင်စာရင်းတွင်လည်း ချီလီအသင်းနှင့် လိုင်ယွန်အသင်း ဂိုးသမား အန်ဒလာ၊ ဂျာမနီအသင်းနှင့်ချဲလ်ဆီးအသင်းဂိုးသမား ဘာဂါ၊ အင်္ဂလန်အသင်းနှင့် မန်ယူအသင်းဂိုးသမား မာရီအီရပ်၊ ဂျာမနီအသင်းနှင့် ဝုဖ်ဘတ်အသင်း ဂိုးသမား ဖရွန်မာ့၊ အမေရိကန်အသင်းနှင့် ချီကာဂိုအသင်း ဂိုးသမား နေဟာ၊ စပိန်အသင်းနှင့် ဘာစီလိုနာအသင်း ဂိုးသမား ပါနို့စ်တို့ ပါဝင်လာခဲ့ကြကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့အတွက် တစ်လတာအကောင်းဆုံးဆုများကို အာဆင်နယ်အသင်းမှ နည်းပြ အာတီတာနှင့် ကစားသမား အိုဒီဂတ်တို့ ရရှိ

**လန်ဒန် ဇန်နဝါရီ ၁၃**

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့အတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုများကို အာဆင်နယ်အသင်းမှ နည်းပြ အာတီတာနှင့် ကွင်းလယ်ကစားသမား အိုဒီဂတ်တို့က ရရှိခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို လစဉ်ပေးအပ်ချီးမြှင့်လျက်ရှိသော်လည်း ပြီးခဲ့သည့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ကမ္ဘာ့ဖလားပြိုင်ပွဲကြောင့် ပြိုင်ပွဲများကို ရပ်နားခဲ့ရသည့်အတွက် နှစ်လပေါင်းပြီး တစ်လတာအတွက် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် အိုဒီဂတ်သည် မန်ယူအသင်းမှ ကက်စ်မဲရိုးနှင့် ရက်ရှ်ဖို့ဒ်၊ မန်စီးတီးအသင်းမှ ဟာလန်း၊ အာဆင်နယ်အသင်းမှ ဆာကာ၊ ဖူလ်ဟမ်အသင်းမှ ပေါ်လင်ဟာ၊ ဘရန့်ဖို့ဒ်အသင်းမှ ဘန်မီးလ်နှင့် နယူးကာဆယ်အသင်းမှ ထရစ်ပီးယားတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၇ ပွဲ ပြီးဆုံးသည့် အချိန်ထိ အာဆင်နယ်အသင်း အနေဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ဦးဆောင်လျက်ရှိရာ အိုဒီဂတ်သည် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး နိုဝင်ဘာလနှင့်ဒီဇင်ဘာလအတွင်း ကစားခဲ့သည့် ပွဲစဉ် လေးပွဲတွင် သုံးဂိုးသွင်းယူခဲ့ပြီး ဂိုးဖန်တီးမှု သုံးကြိမ်




ပြုလုပ်နိုင်ခဲ့သဖြင့် တစ်လတာ အကောင်းဆုံး ကစားသမားဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အလားတူ နည်းပြအာတီတာသည်လည်း အသင်းကို ရလဒ်ကောင်းများ ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက် တစ်လတာ အကောင်းဆုံး နည်းပြဆုကို မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာနှင့် မန်ယူအသင်း နည်းပြ တန်ဟတ်တို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

# ပြင်သစ်လီဂူးပွဲစဉ် (၁၉) ပွဲကြိုသုံးသပ်ချက်များ

STA

## လိုင်လီ Vs ထရွိုင်းယက်

**ကစားမည့်ရက်/အချိန် ၁၅-၁-၂၀၂၃ (ည ၀၆:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၂ - ၀ ထရွိုင်းယက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | - | အိမ်(သရေ) | အိမ်(နိုင်) | ဝေး(သရေ) |
| ထရွိုင်းယက် | - | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ဒီနှစ်သင်းဟာ အခုလဆန်းပိုင်းက ပြင်သစ်ကိုပါဒယ်ရေးဖလားမှာ ဆုံတွေ့ခဲ့ပြီး လိုင်လီအသင်းက နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့ပါတယ်။ လိုင်လီအသင်းဟာ ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေလို့ အခု အိမ်ကွင်းပွဲစဉ်မှာ ရမှတ်ပြည့်ရရှိဖို့ ပြင်ဆင်လာမှာပါ။ လက်ရှိ ထရွိုင်းယက်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိလို့ လိုင်လီနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုင်လီ ၁ - ၀ ထရွိုင်းယက်**

## ရင်းနက်စ် Vs ပီအက်စ်ဂျီ

**ကစားမည့်ရက်/အချိန် ၁၆-၁-၂၀၂၃ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပီအက်စ်ဂျီ ၁ - ၀ ရင်းနက်စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရင်းနက်စ် | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ပီအက်စ်ဂျီ | - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

လက်ရှိခြေစွမ်းပိုင်းအရ ရင်းနက်စ်အသင်းဟာ အိမ်ကွင်းမှာ လက်ခံကစားရမှာဆိုပေမဲ့ ပီအက်စ်ဂျီအသင်းတိုက်စစ်ပိုင်းကိုတော့ ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ ပီအက်စ်ဂျီအသင်းရဲ့ လက်ရှိ ခြေစွမ်းပိုင်းကလဲ အကောင်းဆုံးပုံစံမှာရှိနေလို့ ရင်းနက်စ်အသင်းကိုဖိအားပေး ကစားနိုင်မှာပါ။ ဒါကြောင့် ပီအက်စ်ဂျီအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ရင်းနက်စ် ၁ - ၃ ပီအက်စ်ဂျီ**

# စပိန်လာလီဂါပွဲစဉ် (၁၇) ပွဲကြိုသုံးသပ်ချက်များ

STA

## ဂီတာဖေး Vs အက်စ်ပန်ညို

**ကစားမည့်ရက်/အချိန် ၁၅-၁-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အက်စ်ပန်ညို ၂ - ၀ ဂီတာဖေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| အက်စ်ပန်ညို | - | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(သရေ) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဂီတာဖေးအသင်းဟာ အက်စ်ပန်ညိုအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်မှာပါ။ လက်ရှိ အက်စ်ပန်ညိုအသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသေးဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ ဂီတာဖေးအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂီတာဖေး ၂ - ၁ အက်စ်ပန်ညို**

## အယ်မာရီယာ Vs အေတီကို

**ကစားမည့်ရက်/အချိန် ၁၅-၁-၂၀၂၃ (ည ၀၉:၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေတီကို ၃ - ၀ အယ်မာရီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်မာရီယာ | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(ရှုံး) |
| အေတီကို | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(ရှုံး) |

အယ်မာရီယာအသင်းအတွက် အိမ်ကွင်းဆိုပေမဲ့ အေတီကိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ ခက်ခဲမှာပါ။ အေတီကိုအသင်းကလဲ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် နောက်ပိုင်းပွဲစဉ်တွေမှာ သေချာပြင်ဆင်ကစားနေတာဖြစ်လို့ အခုပွဲစဉ်မှာလဲ အယ်မာရီယာအသင်းကို အနိုင်ရယူဖို့ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ အေတီကိုအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - အယ်မာရီယာ ၀ - ၂ အေတီကို**

# တိုင်းပြည်လုံခြုံရေးအတွက် မဟာဗျူဟာမြောက်ပြင်ဆင်နေသော မြောက်ကိုရီးယား

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ပဲ့ထိန်းဒုံးကျည်များစွာ စမ်းသပ်ပစ်ခတ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နျူကလီးယားလက်နက်နှင့်ဒုံးကျည်များသုတေသနပြု တည်ဆောက်သွားဖွယ်ရာရှိနေသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိကျင်းပသော ကိုရီးယားအလုပ်သမားပါတီ (WPK) ဗဟိုအစည်းအဝေး၌ တိုင်းပြည်၏နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသွားခဲ့သည်။ ထို့ကြောင့် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း အဆင့်မြင့်ဒုံးကျည်များ ပိုမိုစမ်းသပ်ပစ်ခတ်သွားဖွယ်ရာရှိနေသည်။

အဆိုပါအစည်းအဝေးအတွင်း ကင်ဂျုံအန်က တိုင်းပြည်၏နျူကလီးယားလက်နက် အရှိန်မြှင့်တင်တည်ဆောက်သွားရန်လိုအပ်သကဲ့သို့ နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ အစုလိုက်အပြုံလိုက် ထုတ်လုပ်သွားရေးသည်လည်း အရေးပါလျက်ရှိကြောင်း စစ်ဘက်ကို အမိန့်ပေးပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလက နျူကလီးယားတပ်ဖွဲ့များဆိုင်ရာ ဥပဒေအသစ်တစ်ရပ်အတည်ပြုပြဋ္ဌာန်းပြီးနောက် နှစ်နိုင်ငံနယ်စပ်ရှိရှေ့တန်းတပ်ဖွဲ့များ၌ နျူကလီးယားလက်နက်များ တပ်ဖြန့်ချသွားမည်ဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားထားပြီးဖြစ်သဖြင့် နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များသည် တောင်ကိုရီးယားနိုင်ငံကို တိုက်ခိုက်ရာတွင် စစ်ဘက်စွမ်းဆောင်ရည်မြှင့်တင်သွားရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် နျူကလီးယားလက်နက်များမရှိသည့်အခြေအနေတွင် မြောက်ကိုရီးယားသည် ၎င်း၏နျူကလီးယားလက်နက်များကို စွမ်းအားကြီးမားသောကာကွယ်ဟန့်တားရေးလက်နက်အဖြစ် အသုံးပြုသွားဖွယ်ရာရှိသည်။

တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးသည် ၂၀၂၂ ခုနှစ် မေလတွင် တာဝန်စတင်ထမ်းဆောင်ပြီးနောက် မြောက်ကိုရီးယား၏ နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ ထုတ်လုပ်ရေးကြိုးပမ်းမှုများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံအပေါ် ယွန်းဆွတ်ယိုး၏ ရန်လိုသောချဉ်းကပ်မှုကိုတုံ့ပြန်ရေးအတွက် ကင်ဂျုံအန်သည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများနှင့် စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခြင်းအားဖြင့် တောင်ကိုရီးယားနိုင်ငံကို စစ်ရေးစွမ်းအားယှဉ်ပြိုင်ရန် လုပ်ဆောင်ခဲ့သည်။ ယွန်းဆွတ်ယိုးသည် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးစဉ် မြောက်ကိုရီးယားနိုင်ငံကို လက်ဦးမှုရယူတိုက်ခိုက်သွားမည့် အလားအလာနှင့် တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်၏ နျူကလီးယားလက်နက်များ တပ်ဖြန့်ချသွားမည့်အလားအလာတို့ကို ပြောကြားသွားခဲ့သည်။ ထို့ကြောင့် မြောက်ကိုရီးယားနိုင်ငံကလည်း ပြင်းထန်သောတုံ့ပြန်မှုများလုပ်ဆောင်ရန် အချိန်တန်နေပြီဟုဆိုသည်။

ကင်ဂျုံအန်၏ညီမဖြစ်သူ ကင်ယိုဂျွန်းကလည်း ယွန်းဆွတ်ယိုးအစိုးရအဖွဲ့နှင့် ဆွေးနွေးပွဲများလုပ်ဆောင်သွားမည့် အလားအလာကို ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း၌ပယ်ချခဲ့ပြီး ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်အေးခဲနေမည်ဟုပြောကြားခဲ့သည်။ မြောက်ကိုရီးယားသည် ယွန်းဆွတ်ယိုး၏ မြောက်ကိုရီးယားဆိုင်ရာ မူဝါဒနှင့်သဘောထားတို့ကို ပယ်ချထားပြီးဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံကို တိုက်ခိုက်ရေးအတွက် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ တည်ဆောက်ရန် တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် (ICBM)ကိုလည်း သုတေသနပြု တည်ဆောက်သွားမည်ဖြစ်သည်။



Hwasong-17 ICBM စမ်းသပ်မှုများနှင့် လောင်စာခဲသုံး ပေါက်ကွဲအားပြင်း မော်တာများ ပစ်ခတ်ခဲ့မှုများကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်၏ လုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်နိုင်သည့် လောင်စာခဲသုံး ICBM ကို သုတေသနပြုတည်ဆောက်သွားမည်ဟု ယုံကြည်ရသည်။ သို့သော် မြောက်ကိုရီးယား၏ ICBM သည် အမေရိကန်ပြည်မကြီးကို တိုက်ရိုက်ခြိမ်းခြောက်မှု ရှိသလားဆိုသောအချက်မှာမူ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း မြောက်ကိုရီးယား၏ ကင်းထောက်ဂြိုဟ်တုလွှတ်တင်မှုအပေါ် တောင်ကိုရီးယားကျွမ်းကျင်ပညာရှင်များက အထင်သေးသော ကောက်ချက်ချမှု ပေါ်ထွက်လာပြီးနောက် ကင်ယိုဂျွန်းက မြောက်ကိုရီးယား၏ စွမ်းဆောင်ရည်များအပေါ် လျှော့တွက်သွားမည်ဆိုလျှင် မြောက်ကိုရီးယားအနေဖြင့် ICBM ကိုတိကျသော ထောင့်အနေအထားအတိုင်း ပစ်ခတ်ပြသွားမည်ဟု သတိပေးပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့အနေဖြင့် ယခုနှစ် ဧပြီလတွင် ပထမဆုံးသော စစ်ဘက်ကင်းထောက်ဂြိုဟ်တုလွှတ်တင်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာခဲ့သည်။ မြောက်ကိုရီးယားသည် ဒေသတွင်း အာဏာဟန်ချက် ထိန်းညှိရန်အပြင် အမေရိကန်မှ ၎င်းတို့ကို နိုင်ငံတကာအသိုက်အဝန်းတွင် အပယ်ခံအဖြစ် သဘောမထားဘဲ အဆင့်အတန်းတူနိုင်ငံအနေဖြင့် အသိအမှတ်ပြုခံရရေးအတွက် ICBM တည်ဆောက်ရန် အလေးထားလုပ်ဆောင်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ဒုံးကျည်များ အဆက်မပြတ်စမ်းသပ်ပစ်ခတ်ခဲ့သည့်တိုင်အောင် အမေရိကန်ကမူ နျူကလီးယားဆွေးနွေးပွဲများ ပြန်လည်စတင်ရန် တက်ကြွစွာဆောင်ရွက်ခဲ့ခြင်း မရှိပေ။ မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်ထံမှ အာရုံစူးစိုက်မှု ပိုမိုရရှိရေးအတွက် တာဝေးပစ်ပဲ့ထိန်းဒုံးကျည် စွမ်းဆောင်ရည်များ ပိုမိုတောင့်တင်းခိုင်မာအောင် အလေးထားဆောင်ရွက်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် ICBM နှင့် ရေငုပ်သင်္ဘောတင်ပဲ့ထိန်းဒုံးကျည် (SLBM) သစ်များစမ်းသပ်ပစ်ခတ်မှုများလုပ်ဆောင်နေစဉ် ဟိုက်ဒရိုဂျင်ဗုံးများ၊ တာလတ်နှင့်တာဝေးပစ် ခရုစ်ဒုံးကျည်များ၊ မြန်နှုန်းမြင့်ကျည်ထိပ်ဖူးများကဲ့သို့သော အစီအစဉ်များကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကင်ဂျုံအန်၏တပ်မတော်ခေတ်မီအောင်တည်ဆောက်ရေး ငါးနှစ်စီမံကိန်းကိုလည်း တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု ၆၅ ကြိမ်ထိပြုလုပ်ခဲ့သည်။ မြောက်ကိုရီးယားသည် တောင်ကိုရီးယားနှင့်အမေရိကန်တို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်သောအားဖြင့် ယခုနှစ်အတွင်း ဆွေးနွေးပွဲများ ပြန်လည်ပြုလုပ်သွားဖွယ်ရာ မရှိပေ။ မြောက်ကိုရီးယားက တောင်ကိုရီးယားနှင့်အမေရိကန်တို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ရန်လိုသောမူဝါဒအဖြစ်သဘောထားလျက်ရှိပြီး ဆွေးနွေးပွဲများလုပ်ဆောင်လိုပါက စစ်ရေးလေ့ကျင့်မှုများကို ခြွင်းချက်မရှိ ရပ်ဆိုင်းရမည်ဟု ပြောဆိုလျက်ရှိသည်။ တောင်ကိုရီးယား၊ အမေရိကန်နှင့်မြောက်ကိုရီးယားတို့သည် ကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်လျက်ရှိသောကြောင့် ကိုရီးယားကျွန်းဆွယ်သည် တည်ငြိမ်အေးချမ်းမှု ပိုမိုပျက်ပြယ်လာဖွယ်ရာရှိသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်းက မြောက်ကိုရီးယားဒရုန်းများသည် နှစ်နိုင်ငံနယ်စပ်ကို ဖြတ်ကျော်ကာ တောင်ကိုရီးယားလေပိုင်နက်အတွင်း ၅ နာရီခန့်ပျံသန်းခဲ့သည်။ ထို့ကြောင့် တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အချုပ်အခြာအာဏာကို ချိုးဖောက်နေမည်ဆိုလျှင် ၎င်းတို့အစိုးရအဖွဲ့အနေဖြင့် နှစ်နိုင်ငံစစ်ရေးဆိုင်ရာသဘောတူညီချက်များကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ အဆိုပါသဘောတူညီချက်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် မြောက်ကိုရီးယား၌ ထိပ်သီးဆွေးနွေးပွဲပြုလုပ်စဉ် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် ကင်ဂျုံအန်တို့ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ကိုရီးယားကျွန်းဆွယ် နျူကလီးယားဖြုတ်သိမ်းရေးအတွက် တောင်ကိုရီးယား၊ မြောက်ကိုရီးယားနှင့်အမေရိကန်ခေါင်းဆောင်တို့၏ သဘောတူညီချက်များသည် လက်ရှိအချိန်တွင် သက်ဝင်မှုမရှိတော့ပေ။

တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလ၌ပင်လျှင် မြောက်ကိုရီးယားသည် တရုတ်နှင့်ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်သွားလိုသောဆန္ဒပြင်းပြခဲ့သည်။ မြောက်ကိုရီးယားသည် နယ်စပ်ဂိတ်များပိတ်ထားခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုလုပ်ငန်းများ တင်းကျပ်စွာဆောင်ရွက်ခဲ့သောကြောင့် စားနပ်ရိက္ခာ ပြတ်လပ်မှုများဖြစ်ပေါ်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် တရုတ်နှင့်ကုန်သွယ်မှုရထားများ ပြန်လည်ပြေးဆွဲခဲ့သဖြင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့သွားဖွယ်ရာရှိသည်။

ကင်ဂျုံအန်အနေဖြင့် နျူကလီးယားလက်နက် အရှိန်မြှင့်တင် တည်ဆောက်သွားရန် အခိုင်အမာဆုံးဖြတ်ထားသော်လည်း တိုင်းပြည်စီးပွားရေးကိုလည်း အလေးထားဖြေရှင်းလျက်ရှိသည်။ ၂၀၂၂ ခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများကြောင့် ကုန်ကျမှုများစွာဖြစ်ပေါ်ခဲ့သည်ကို တွက်ချက်လျက် ၂၀၂၃ ခုနှစ်အတွင်း အလားတူစမ်းသပ်ပစ်ခတ်မှုများ လုပ်ဆောင်သွားရန်မှာ အလားအလာနည်းပါးသည်ဟု ကောက်ချက်ချမှုများ ရှိနေသည့်တိုင်အောင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တောင်ကိုရီးယား၊ အမေရိကန်တို့နှင့် ရေရှည်ယှဉ်ပြိုင်နိုင်ရေးအတွက် ၂၀၂၃ ခုနှစ်တွင် လုံခြုံရေးဆိုင်ရာမဟာဗျူဟာမြောက် ကြိုတင်ပြင်ဆင် တည်ဆောက်မှုများကို အရှိန်မြှင့်တင်လုပ်ဆောင်သွားဖွယ်ရာရှိနေသည်။

**ကိုးကား**

- **North Korea's Strategic Build-Up by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ရေနံချောင်းမြို့နယ် ဝက်လွတ်ရွာမကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း စစ်ဆေး

**ရေနံချောင်း ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဝက်လွတ်ရွာမကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ဝက်လွတ်ရွာမကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက အဆိုပါ ကွန်ကရစ်လမ်း ပျက်စီးမှုမဖြစ်ပေါ်စေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဝက်လွတ်ရွာမကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၆ ဒသမ ၂၇၄ သန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးပြီဖြစ်သဖြင့် ဝက်လွတ်ရွာမကျေးရွာရှိ အိမ်ခြေ ၁၃၂ အိမ်၊ လူဦးရေ ၆၂၀ ဦးတို့၏ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ပြောပြ၍ သိရသည်။

**နဲ့ယဉ်**

# အကယ်ဒမီ ရွှေမဝစမ်းစမ်းအေး ရရှိထားသည့် အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)နှင့် ဂုဏ်ပြုဆုငွေကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လှူဒါန်း



ရန်ကုန် ဇန်နဝါရီ ၁၃

အကယ်ဒမီ ရွှေမဝစမ်းစမ်းအေး ရရှိထားသည့် အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)နှင့် ဂုဏ်ပြုဆုငွေကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဇန်နဝါရီ ၁၂ ရက်က လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အကယ်ဒမီ ရွှေမဝစမ်းစမ်းအေးကို နိုင်ငံတော်က ချီးမြှင့်ထားသည့် အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) နှင့် ဂုဏ်ပြုငွေကျပ်လေးသိန်းကို အကယ်ဒမီ ရွှေမဝစမ်းစမ်းအေး မိသားစုက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာ ကြည်စိုးထွန်းနှင့် အလုပ်အမှုဆောင်များက လက်ခံယူခဲ့ကြောင်း သိရသည်။

"အကယ်ဒမီ ရွှေမဝစမ်းစမ်းအေး က ၂၀၀၇ ခုနှစ်ကတည်းက ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါတယ်။ နိုင်ငံတော်ကနေပြီး အကယ်ဒမီ ရွှေမဝစမ်းစမ်းအေးကို ဂုဏ်ပြုချီးမြှင့်ထားတဲ့ အနုပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)နှင့် ဂုဏ်ပြုဆုငွေတွေကို မိသားစုက လာရောက်လှူဒါန်းတာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

အကယ်ဒမီ ရွှေမဝစမ်းစမ်းအေးသည် မကွယ်လွန်မီအချိန်ထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀၀ ကျော်နှင့် ဗီဒီယိုဇာတ်ကားပေါင်း ၄၀၀ ကျော် ရိုက်ကူးခဲ့ပြီး ၂၀၀၇ ခုနှစ် မေ ၄ ရက်က ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ရွှေမဝစမ်းစမ်းအေး ပါဝင်သရုပ်ဆောင်ခဲ့သော အပယ်ရတနာ၊ ဒေါင်းမလေး၊ ပန်းရုံ၊ ပန်းနွယ်ကစိမ်း၊ ခြေဖဝါးတော်နုနု၊ နေထွက်သောည၊ ပစ်မှတ်၊ စိန်ခေါ်နေသည့်အချစ်၊ ချစ်သူရွှေမယ် ချစ်ဝဲလည် ရုပ်ရှင်ဇာတ်ကားများမှာ ထင်ရှားခဲ့ပြီး အဆိုပါရုပ်ရှင်ဇာတ်ကားများအနက် စိန်ခေါ်နေတဲ့အချစ်ရုပ်ရှင်ဇာတ်ကားဖြင့် ၁၉၉၃ ခုနှစ်က အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ASH

# Project Artemis ဇာတ်ကား၌ မင်းသား ဝုဒ်ဒီဟာရယ်ဆင် ပါဝင်မည်


နယူးယောက် ဇန်နဝါရီ ၁၃

အော်စကာဆုရှင်ခံတင်စာရင်း၌ သုံးကြိမ်တိုင်တိုင်ပါဝင်ခဲ့သော မင်းသားကြီး ဝုဒ်ဒီဟာရယ်ဆင်သည် Project Artemis သိပ္ပံဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

Project Artemis ဇာတ်ကားတွင် ဝုဒ်ဒီဟာရယ်ဆင်သည် မင်းသမီး စကားလက်ဂျိုဟန်ဆင်၊ မင်းသား ချန်နင်းတာတမ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် မင်းသား ဝုဒ်ဒီဟာရယ်ဆင် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Apple Original Film ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

ဝါရင့်ဟောလီးဝုဒ်မင်းသားကြီး ဟာရယ်ဆင်သည် Zombieland၊ The Hunger Games ကဲ့သို့ ဇာတ်ကားများ၌ ပါဝင်ခဲ့သူဖြစ်သည်။

Project Artemis ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရို့ဂျီရိုက်က ရေးသားပေးထားပြီး ဒါရိုက်တာ ဂရက်ဘာလန်တီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Apple Original Film ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# အဆိုတော် ခွန်မိုင်၏ အလွမ်းမိုး တေးသီချင်း MV ဇန်နဝါရီလကုန်ခန့်တွင် ထွက်ရှိမည်

ရန်ကုန် ဇန်နဝါရီ ၁၃

အဆိုတော်ခွန်မိုင်၏ အလွမ်းမိုး တေးသီချင်း Music Video (MV) ဇန်နဝါရီလကုန်ခန့်တွင် ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အလွမ်းမိုး တေးသီချင်းသည် အဆိုတော် ခွန်မိုင် ကိုယ်တိုင်ရေးသားထားသည့် ကိုယ်ပိုင်သံစဉ်တေးသီချင်းဖြစ်ကာ အဆိုပါ တေးသီချင်း Music Video(MV) တွင် သရုပ်ဆောင် ဆောင်းအိခြွေထွန်းနှင့်တွဲဖက်၍ ကိုယ်တိုင် သရုပ်ဆောင်ထားပြီး ဒါရိုက်တာ သတ္တိက ရိုက်ကူးပုံဖော်ထားကြောင်း သိရသည်။

"ဒီသီချင်းက ကျွန်တော် ကိုယ်တိုင်ရေးထားတဲ့ ကိုယ်ပိုင်သံစဉ်တေးသီချင်းအသစ် တစ်ပုဒ်ပါ။ ဗန်ကောက်မှာ ကိုသတ္တိနဲ့ ဆုံဖြစ်တဲ့အခါ ကျွန်တော့်ကို Music Video (MV) လုပ်ဖို့ တိုက်တွန်းတဲ့အတွက် သူဒါရိုက်တာလုပ်ရင် Music Video (MV)လုပ်မယ်လို့ပြောရင်း လုပ်ဖြစ်သွားပါတယ်။ ကိုသတ္တိက ယုံယုံကြည်ကြည်ခိုင်းတဲ့အတွက် ကိုယ်တိုင် သရုပ်ဆောင်ဖြစ်သွားပါတယ်။ တွဲဖက်သရုပ်ဆောင်ပေးတာကတော့ မဆောင်းဖြစ်ပါတယ်"ဟု အဆိုတော် ခွန်မိုင်က ပြောပြသည်။



သရုပ်ဆောင် သတ္တိက ဒါရိုက်တာအဖြစ် ရိုက်ကူးထားသည့် အဆိုတော် ခွန်မိုင်နှင့် သရုပ်ဆောင် ဆောင်းအိခြွေထွန်းတို့ သရုပ်ဆောင်ထားသည့် အလွမ်းမိုး တေးသီချင်း Music Video (MV) ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရိုက်ကူးထားခြင်းဖြစ်ပြီး ယခုလကုန်ခန့်တွင် ထွက်ရှိလာမည် ဖြစ်ကြောင်း သိရသည်။ ASH

# ၂၀၂၃ ခုနှစ် အက်စ်ဂျီအေရုပ်ရှင်ဆု ဆန်ခါတင်စာရင်းများ ပေါ်ထွက်လာပြီဖြစ်

နယူးယောက် ဇန်နဝါရီ ၁၃

အမေရိကန်ရုပ်ရှင်သရုပ်ဆောင်များအသင်း (အက်စ်ဂျီအေ)၏ ၂၀၂၃ ခုနှစ် အက်စ်ဂျီအေရုပ်ရှင်ဆု ဆန်ခါတင်စာရင်းများ ပေါ်ထွက်လာပြီဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

အက်စ်ဂျီအေ ရုပ်ရှင်ဆုပေးပွဲ စုဖွဲ့သရုပ်ဆောင်မှု အကောင်းဆုံး ဇာတ်ကားဆု ဆန်ခါတင်စာရင်း၌ Babylon၊ The Banshees of Inisherin နှင့် The Fableman အပါအဝင် ဇာတ်ကားငါးကား ပါဝင်ပြီး အက်စ်ဂျီအေရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်းတွင် Elvis ဇာတ်ကားမှ အော်စတင် ဘတ္တလာ၊ The Banshees of Inisherin မှ ကောလင်းဖာရက်နှင့် The Whale ဇာတ်ကားမှ မင်းသား ဘရန်ဒန်ဖရေဆာ အပါအဝင် မင်းသားငါးဦးပါဝင်ကြောင်း သိရသည်။

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်းတွင် မှ TAR ဇာတ်ကားမှ ကိတ်ဘလန်ချက်၊ The Woman King ဇာတ်ကားမှ ဗိုင်အိုလာဒေးဗစ်နှင့် Blonde ဇာတ်ကားမှ အန်နာဒီအားမက် အပါအဝင် မင်းသမီးငါးဦးပါဝင်ကြောင်း သိရသည်။

အက်စ်ဂျီအေရုပ်ရှင်ဆုပေးပွဲကို ယခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ KKO



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ဇာတ်ဝင်ခန်းတချို့အတွက် ဆက်တင်ရုံများတည်ဆောက်နေ

ရန်ကုန် ဇန်နဝါရီ ၁၃

ရုပ်ရှင်ဇာတ်ကားကြီးများ ရုပ်ရှင်ဇာတ်လမ်းတွဲများနှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူးရာ၌ ပြင်ပတွင် သွားရောက်ရိုက်ကူးရန် အခက်အခဲရှိသည့် ဇာတ်ဝင်ခန်းတချို့အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ဆက်တင်ရုံများ တည်ဆောက်နေကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ ဆက်တင်ရုံများကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ရုံခန်းမတွင် တည်ဆောက်နေခြင်းဖြစ်ပြီး ဆေးရုံခန်းပုံစံတူ ဆက်တင်များ၊ အချုပ်ခန်းပုံစံတူ ဆက်တင်များကို တည်ဆောက်နေခြင်းဖြစ်ကာ ပြီးစီးပါက ရုပ်ရှင်လောကသားများအတွက် အဆင်ပြေစွာအသုံးပြုနိုင်ရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်နဲ့ ရုပ်သံဇာတ်လမ်းတွဲတွေ ရိုက်ကူးရာမှာ ပြင်ပမှာရိုက်ကူးဖို့ အခက်အခဲရှိတဲ့ အချို့ဇာတ်ဝင်ခန်းတွေအတွက် အလွယ်တကူ ရိုက်ကူးနိုင်ဖို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ရုံခန်းမကြီးမှာ ဆက်တင်ရုံလေးတွေ တည်ဆောက်နေတာဖြစ်ပါတယ်။ ဆေးရုံဆေးခန်းတွေ၊ ရဲစခန်းတွေနဲ့ အချုပ်ခန်း၊ ထောင်ခန်းတွေအတွက် ဇာတ်ဝင်ခန်းတွေ ရိုက်ကူးတဲ့အခါ ပြင်ပမှာ သွားရောက်ရိုက်ကူးဖို့ အခက်အခဲရှိတဲ့အတွက် အခက်အခဲမရှိစေဖို့ အခုလို ဆက်တင်ရုံကို တည်ဆောက်ပေးနေတာ ဖြစ်ပါတယ်။ အခုတည်ဆောက်နေတဲ့ ဆက်တင်ရုံတွေကတော့ အချုပ်ခန်း၊ ရဲစခန်း၊ ဆေးရုံ၊ ဆေးခန်း၊ ခွဲစိတ်ခန်း စတာတွေအပြင် အခြားအခက်အခဲနဲ့ လိုအပ်ချက်ရှိတဲ့ ဇာတ်ဝင်ခန်းတွေအတွက်ကိုလည်း လုပ်ဆောင်ပေးသွားဖို့ရှိပါတယ်။ ဆက်တင်ရုံတွေကို ဇန်နဝါရီလကုန်မှာပြီးစီးဖို့လျာထားပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။ ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing addresses ceremony to honour military doctors who served at physician-insufficient township, station hospitals transport-poor far-flung corners of Naga Self-Administe ed Zone, Chin State and Sagaing Region



Senior General Min Aung Hlaing takes the salute of military doctors.

**Nay Pyi Taw January 13**

A ceremony to honour military doctors who served at physician-insufficient hospitals in transport-poor far-flung corners of Naga Self-Administered Zone, Chin State and Sagaing Region to improve the health conditions of locals was held at Bayintnaung Villa this morning with an address by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, Union Minister for Health Dr Thet Khaing Win, senior military officers from Office of Commander-in-Chief, the chairman of Central Executive Committee of Myanmar War Veterans Organization.

First, the Senior General lauded military doctors who provided public healthcare services at the remote areas of the country.

**Geographical and health condition of remote areas**

The Senior General said Myanmar is a country home to multiple national races, and has the natural features such as forests, mountains and mountain ranges, plains and river basins where ethnic peoples live. Health standard of the people living in faraway mountainous regions was low as they did not have access to healthcare.

The 2020 indicators show that life expectancy at birth of Chin State was 63.3 year, which was the lowest in the country whose average life expectancy stood at 67. The country's mortality rate of under-one infants per 1000 live births during the time was 12, while that of Chin State was 18. Chin State's under-five mortality rate stood at 25 per 1000 live births, while that of the country was 15. The country's maternal mortality rate was 102.7 per 100,000 live births, and that of Chin State was 158, which was the highest among all regions and states.

The national malnutrition of under-fives was 26.7%, while that of Chin State was 40%. Hence, Tatmadaw will provide healthcare for the remote areas that did not have access to it.

**Services rendered by military medical officers in Chin Sta and Naga Self-Administered Zone**

Since 2016 Tatmadaw has been sending officer medics to such areas for providing healthcare services. It sent 44 medics each in the first and second times, 46 in the third time, and 18 in the fourth time, toitalling 152. Sadly, during the third time, 44 of the 46 arrived back safely, as two of them fell while on duty at Lonlae Station Hospital due to terrorist attack. During the time, medics served at 23 township hospitals, station hospitals and rural healthcare centres in places including Tonzang, Matupi, Hmaungtalan, Lahe and Nanyun for two years and three months. Honorary certificate of the Commander-in-Chief of Defence Services was conferred on the two fallen officers, Capt Hlaing Myint Tun and Capt Win Kyaw, for brilliantly discharging their assigned duties.

It is important to keep the goals of individuals alive in order to sustain their lives. **By keeping the goals of individuals alive, that of families and the state will continue to be invigorated and success of the entire society can be achieved.** Therefore, it can be seen that 76 medical officers who performed their duties in remote areas were directly allowed to attend master's degree courses in medical science. **It is believed that the medical officers will continue to exert efforts for the interests of oneself, one's family and the state and the Tatmadaw without losing sight of one's goals. I would like to urge all not to reduce the perseverance, diligence, effo ts, endurance and contentedness already achieved.**

Among the medical officers who performed duties in Chin State and Naga Self-administered Zone, the Tatmadaw is proud of a Tatmadaw medical officer who made a distinction by performing duties at the People's Hospital in Matupi Township in 2018 and at the People's Hospital in Lahe Township of his own volition in 2022.

In providing healthcare services by the Tatmadaw in Chin State and Naga Self-administered Zone, the Tatmadaw has offered healthcare services to 467,016 local residents including 202,322 people in the first trip, 171,084 people in the second trip and 93,600 people in the third trip. Healthcare services for general medical treatments, surgical diseases, obstetrics and gynecology diseases, eye, ear and nose diseases, stomach and digestive tract diseases were provided to the public. This reflects the fact that the Tatmadaw always upholds the interests of the national peoples.

**Tatmadaw always provides public healthcare services**

It can be seen that the pandemic has an impact at home and abroad and human resources for healthcare services have decreased. The World Health Organization has set the minimum ratio of people and doctors at 1,000: 1 and the minimum ratio of people and health workers at 1,000: 2.3. In Myanmar, the current ratio of the people and doctors, health workers stands at 1,000: 0.37: 1.47 and the ratio is much lower than the rate designated by the WHO. During the recent political conflict, some health workers deserted their workplaces and *See Page 13*



Tea party being hosted to honour the military doctors.

*From Page 12*

the number of health workers has dropped significantly. To fulfill the need of the healthcare sector, defence services hospitals and clinics have increased the provision of healthcare services to the public and 449,892 outpatients and 137,080 inpatients have received healthcare services so far.

The Tatmadaw is an institution that always serves the interests of the country and national race people. In doing so, **the Tatmadaw not only performs not only its original duties of stability and security but also contributes to the health and education of the people.**

I would like to praise those who performed healthcare duties in remote areas. **I would like to urge all to strive for academic progress as doctors and continue to uphold the interests of the country and the people.**

**Giving honorary gifts**

The Senior General presented honorary gifts to the military medical officers who served at remote areas through three medical officers.

**Enhancing health conditions as well as serving public welfare in accord with guidance of the Chief of the Tatmadaw**

On behalf of the military medical officers who served the duties in remote areas, medical officer Captain Hlaing Myint Tun recounted the experiences in medical treatment. He express thanks that while serving duties in the regions where local people did not enjoy full healthcare services, as detail requirements were fulfilled for them. As necessary medicines, medical equipment, logistic measures and aid for prevention and treatment of Covid-19 were provided, they successfully served the assignments. Under the guidance of the Senior General, the captain continued that they served the improvement of health conditions of local people and participated in public welfare, all-round development of the region and basic teaching measures. They embraced the warm response of the local people. During the period, the captain expressed **thanks to the Senior General and official for their fulfillment for necessary requirements to successfully serve duties with guidance and care and pledged to dutifully serve the assignments for the State and the Tatmadaw in respective sectors.**

The attendees to the ceremony and the medical officers were hosted a tea party. During the tea time, the Myawady entertainment troupe presented songs.

After the ceremony, the Senior General and party cordially greeted the military medical officers.

Military medical officers served duties in remote areas of Sagaing Region, Chin State and Naga Self-Administered Zone at the hospitals which needed medical doctors for improving health conditions of local people. A total of 44 military medical officers served there in 2016 for the first time, 44 in 2018 for the second time, 46 in 2020 for the third time and 18 in 2022 for the third time. During the period of exchanging duties, local people warmly welcomed the military medical officers and families. During the assigned period, families also went along with the medical officers to the regions and participated in the respective tasks and regional development functions.

From the first to the third times, the military medical officers gave healthcare services to 467,016 local ethnic people as well as carried out public welfare, awareness raising for agriculture and livestock to contribute to the food, clothing and shelters of local people, and regional development tasks together with local people and relevant departmental personnel. They were honoured at the ceremony as they served the interests of the local people and the State through their profession as much as they can. 100

# Lwejel border trade camp exported about 30,000 tons of tissue bananas to China till December this FY

**Lwejel January 13**

Lwejel border trade camp had exported about 30,000 tons of tissue bananas to China until December in the current 2022-2023 financial year, according to sources from the Trade Department.

Tissue bananas is a major export item for Lwejel border trade camp. Tissue banana exports started in April this fiscal and a truck can carry about 30 tons. From April to December last year, there had been about 1,000 truckloads of tissue bananas with around 30,000 tons.

There are 32 registered businesses exporting tissue bananas to China via Lwejel border trade camp. It is mainly grown in Waimaw, Bhamo and Momauk townships of Kachin State. Tissue banana cultivation on a commercial scale started in 2006 and products go to China. With increasing Chinese demand, cultivation acreage has increased in Kachin State with a total of over 600,000 acres in 2018.

Now, tissue bananas are also exported to China via Kanpaiti border trade camp. Chinese merchants are going down to Kachin State to purchase tissue bananas. The 32 companies have also put over 50,000 acres of land under tissue bananas to expand exportation. 336

# Plan to set up JV for operation of Pathein glass factory

**Pathein January 13**

The Ministry of Industry on 12 January stated that arrangements are being made to set up a joint venture business with businesspersons to operate Pathein glass factory.

The glass factory under No 2 Heavy Industries Enterprises of the Ministry of Industry is located one mile east of Kyitha Village on Pathein-Wayarchaung road seven miles west of Pathien.

The factory manufactured clean glasses. Moreover, it is located on 678.50 acres of land including 18.9 acres of port area.

The factory is able to produce clean glass as well as other industries. Currently, the government encourages development of private sector. Hence, a plan is underway to operate Pathein Glass Factory together with businesspersons.

The interested businesspersons may send expression of interest to the enterprise, not later than 3 pm on 26 January 2023.

Businesspersons must show company documents to take out EOI forms from the technical development branch of the enterprise of Ministry of Industry in Nay Pyi Taw.

They have to mention interesting measures over EOI, form V1 and Form XXV1, facts of foreign companies for technical cooperation, work experiences of investors, contact persons of companies, designation, address, telephone numbers and e-mail address. For further information, dial 067-3408678 and 067-3408679. 336


## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.


# Trap cameras installed in Htamanthi wildlife sanctuary for conservation of wildlife


A trap camera being installed in the wildlife sanctuary.

**Sagaing January 13**

Trap cameras are being installed at Htamanthi wildlife sanctuary upstream of Chindwin River in northern Myanmar so as to conserve wildlife, according to the Wildlife Conservation Society (Myanmar Program).

A total of 160 trap cameras are being installed on more than 50,000 acres of the sanctuary for conducting the wildlife conservation and research tasks. These cameras will be kept at the sanctuary for a while conducting the research works, said researcher Ko Kyaw Moe of WCS.

"Depending on the allotment of budget on a yearly basis, we install cameras starting from November 2022 and then collect them in March. As we are unable to install the cameras in all area of the sanctuary, we chose the sample plots for installation of cameras. But, we change the installation areas yearly. This year, we conduct two kinds of research in the wildlife sanctuary," he added.

Installation of cameras aims to know kinds and species of wildlife in the sanctuary and record them in a systematic manner yearly, he continued.

Currently, two cameras each have been installed in 80 sites of more than 50,000 acres out of 540,000 acres of Htamanthi wildlife sanctuary so as to conduct the research tasks.

The trap cameras catch images of wildlife automatically and these images will be used in wildlife conservation measures. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အိန္ဒိယရေတပ်အတွက် DRDO က NASM-MR သင်္ဘောဖျက်ဒုံးကျည်အမျိုးအစားလေးမျိုး ထုတ်လုပ်သွားမည်



အိန္ဒိယရေတပ်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)ရေတပ်ကြား ကြီးမားသောကွာဟချက်ကို ဖြေရှင်းနိုင်ရန် Defence Rese-ach and Development Organization (DRDO) ကာကွယ်ရေးသုတေသနတိုးတက်ဖွံ့ဖြိုးရေးအဖွဲ့အစည်းသည် ပြည်တွင်းထုတ် Naval Anti-Ship Missile-Medium Range (NASM-MR)သင်္ဘောဖျက်ဒုံးကျည်များ ထုတ်လုပ်ရန် ခွင့်ပြုချက်ရရှိထားသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် ဟိမဝန္တာတောင်တန်းများတွင် အိန္ဒိယစစ်ဘက်နှင့် ထိပ်တိုက်တွေ့ဆုံမှုမှာ အိန္ဒိယသမုဒ္ဒရာတွင် အကြီးအကျယ် အားပြိုင်နေကြသည့်သဘောပင်ဖြစ်သည်။

သို့သော်လည်း အိန္ဒိယရေတပ်သည် ၎င်း၏ လက်ရှိအခြေအနေတွင် တရုတ် PLA ရေတပ်၏နောက်တွင် မိုင်ပေါင်းများစွာကွာဝေးနေသကဲ့သို့ ကျန်ရစ်ခဲ့ရသည်။ မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံသည်သင်္ဘောအရေအတွက်အရ ကမ္ဘာပေါ်တွင် အကြီးမားဆုံးရေတပ်အဖြစ် တွန်းအားပေးကြိုးပမ်းလုပ်ဆောင်လာခဲ့ကြသည်။

အိန္ဒိယရေတပ်နှင့် PLA ရေတပ်ကြားစွမ်းဆောင်ရည်ကွာဟချက် ကြီးမားနေမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကာကွယ်ရေးသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(DRDO)သည်ပြည်တွင်း၌ သင်္ဘောဖျက်ဒုံးကျည်တီထွင်ထုတ်လုပ်ရန် ခွင့်ပြုချက်ရရှိထားပြီဖြစ်သည်။

Naval Anti-Ship Missile-Medium Range (NASM-MR) ရေတပ်သုံး သင်္ဘောဖျက်တာလတ်ပစ်ဒုံးကျည်ဟု လူသိများသောဒုံးကျည်ကို အိန္ဒိယအစိုးရ၏ Atmanirbhar Bharat ပဏာမအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပြည်တွင်း၌ပင် တီထွင်ထုတ်လုပ်သွားမည်ဖြစ်သည်။ ၎င်းသည် အိန္ဒိယနိုင်ငံ အထူးသီးသန့်ဒုံးကျည်နည်းပညာတွင် မိမိကိုယ်ကိုမှီခိုအားထားမှုဆီသို့ သိသာထင်ရှားသောခြေလှမ်းတစ်ခုအဖြစ်ရှုမြင်နိုင်မည်ဖြစ်ပြီး အိန္ဒိယစစ်ဘက်ကာကွယ်ရေးကဏ္ဍတွင် ပြည်တွင်းထုတ်စနစ်များ ကိုင်တွယ်အသုံးပြုသွားနိုင်ရေးအတွက် ကတိကဝတ်ပြုထားမှုအပေါ် အတိအကျလိုက်နာနေခြင်းဖြစ်သည်။

NASM-MR ဒုံးကျည်သည် Harpoon အတန်းအစား သင်္ဘောဖျက်ဒုံးကျည်ဖြစ်ပြီး အကွာအဝေးပိုမိုသည်ဟု Indian Defense Research Wing (IDRW) အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။ ကနဦးတွင် အတောင်ပံတပ် ဂျက်တိုက်လေယာဉ်များနှင့် ရေကြောင်းကင်းလှည့်လေယာဉ်များ အသုံးပြုရန်အတွက် ရာသီဥတုမရွေး မိုးကုပ်စက်ဝိုင်းကျော်လွန်၍ ပစ်လွှတ်နိုင်သော သင်္ဘောဖျက်ဒုံးကျည်အဖြစ် တီထွင်ထုတ်လုပ်သွားမည်ဖြစ်သည်။ သို့သော်လည်း NASM-MR ၏ အခြားမျိုးကွဲသုံးမျိုးသည်လည်းထုတ်လုပ်ရန် စီစဉ်ထားပြီးဖြစ်သည်။

(Rocket Booster) လောင်စာအခဲဒုံးကျည်ဖြင့် တွန်းအားပေးလုပ်ဆောင်မည့် NASM-MR ကို ရေ့တန်းကျကျစစ်သင်္ဘောများပေါ် တင်ဆောင်ပစ်လွှတ်မည်ဖြစ်ပြီး ဝေဟင်ပစ်လွှတ်သည့်ဒုံးကျည်အမျိုးအစားထက် အကွာအဝေးစွမ်းဆောင်ရည် ပိုမိုမြင့်မားမည်လည်းဖြစ်သည်။ လောင်စာအခဲ ဒုံးကျည်အားမြှင့်ကိရိယာ အသုံးပြုထားမှုကြောင့် NASM-MR ဒုံးကျည်သည် ကီလိုမီတာ ၃၅၀ အကွာအဝေးရှိပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ဒုံးကျည်ကို ဒုံးပြွန်များဖြင့် ထည့်သွင်းတပ်ဆင်ထားသည်။ ရည်ရွယ်ချက်မှာ ဖရီးဂိတ်များ၊ ကော်ဗက်ယာဉ်များနှင့် ဖျက်သင်္ဘောများကဲ့သို့သော အသေးစားမှ အလတ်စားစစ်သင်္ဘောများပေါ်တွင် သယ်ဆောင်တိုက်ပွဲဝင်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဒုံးကျည်၏ တတိယမူကွဲတွင် ရေငုပ်သင်္ဘောများမှပစ်ခတ်နိုင်သော ရေလုံ၍ ပစ်ခတ်နိုင်သည့် ဒုံးပစ်လောင်ချာဒုံးပြွန်အတွင်းတွင်တပ်ဆင်ထားသည့် အစိုင်အခဲလောင်စာအားမြှင့်ကိရိယာသုံးတားရှင်းမျိုးဖြစ်သည်။ သို့သော် ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်သော သင်္ဘောဖျက်ဒုံးကျည်၏ အကွာအဝေးသည် အခြေခံတားရှင်းထက် ကီလိုမီတာ ၁၀၀ အောက် လျော့နည်းတိုက်ပွဲဝင်နိုင်သည်ဟု သိရသည်။

**DRDO to make 4 variants of NASM-MR missile, will boost Indian Navy against China ကို ဘာသာပြန်ဆိုထားပါသည်။**

## ကနေဒါနိုင်ငံက ယူကရိန်းအတွက် အမေရိကန်ထုတ် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်(NASAMS)တစ်စုံ ဝယ်ယူခဲ့

ကနေဒါနိုင်ငံအနေဖြင့် ယူကရိန်းကို ပံ့ပိုးရန်အတွက် အမေရိကန်နိုင်ငံမှ အဆင့်မြင့် မြေပြင်မှဝေဟင်ပစ် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် (NASAMS) တစ်စုံနှင့် ဆက်စပ်လက်နက်ခဲယမ်းများကို ဝယ်ယူခဲ့ကြောင်း ဇန်နဝါရီ ၁၀ ရက်တွင် ကနေဒါကာကွယ်ရေးဝန်ကြီး Anita Anand က ကြေညာခဲ့သည်။ ဤသည်မှာ ယူကရိန်းသို့ လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် ကနေဒါနိုင်ငံက ပထမဆုံး ပံ့ပိုးပေးခြင်းဖြစ်သည်။

ကနေဒါနိုင်ငံ၏ NASAMS ပံ့ပိုးပေးမှုသည် စစ်ဘက်ဆိုင်ရာနေရာများ၊ အရပ်ဘက်အရေးပါသောအခြေခံအဆောက်အအုံများနှင့် လူဦးရေစင်တာများပေါ်တွင် အဖျက်သဘောဆောင်သော လေကြောင်းတိုက်ခိုက်မှုများကို တိုက်ခိုက်ခြင်းမှ ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အားကောင်းစေမည်ဖြစ်သည်။ ကနေဒါနိုင်ငံသည် NASAMS လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်လေးစုံကိုယူကရိန်းထံပေးပို့ထားပြီး အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယမြောက် ပံ့ပိုးပေးခဲ့သည့်နိုင်ငံဖြစ်သည်။

NASAMS လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် တာလတ်မှတာဝေးထိတိုက်ပွဲဝင်နိုင်သော လေကြောင်းရန်ကာကွယ်ရေးဒုံးလက်နက်စနစ်အမျိုးအစားဖြစ်ပြီး နော်ဝေကုမ္ပဏီ Kongsberg Defence& Aerospace က ဒီဇိုင်းထုတ်ထားကာ အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီနှင့် ပူးပေါင်း၍ ဒုံးကျည်ကိုထုတ်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါစနစ်သည် ဒရုန်းများ၊ ဒုံးကျည်များနှင့် လေယာဉ်များကိုတိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

NASAMS လက်နက်စနစ်သည် ၂၀၂၂ ခုနှစ်ထိ နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် တပ်ဖြန့်အသုံးပြုလျက်ရှိပြီး ၂၀၀၅ ခုနှစ်ကတည်းက အမေရိကန်နိုင်ငံမြို့တော်ဒေသတစ်ဝိုက်၏ လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ပေါင်းစည်းအသုံးပြုထားခြင်းဖြစ်သည်။ အမေရိကန်၊ ဩစတြေးလျ၊ ချီလီ၊ ဖင်လန်၊ အင်ဒိုနီးရှား၊ လစ်သူယေးနီးယား၊ နယ်သာလန်၊ နော်ဝေ၊ အိုမန်၊ စပိန်၊ ကာတာနှင့် ယခုအခါ ယူကရိန်းတို့အပြင် လေပိုင်နက်ကာကွယ်ရေးနှင့် အရေးကြီးသောပိုင်ဆိုင်မှုများကိုကာကွယ်ရန်အတွက် NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ရွေးချယ်အသုံးပြုထားကြသည်။ NASAMS ဒုံးကျည်သည် အများဆုံးအမြင့် ၁၅ ကီလိုမီတာနှင့်အကွာအဝေး ၃၃ ကီလိုမီတာအတွင်း ဝေဟင်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်။



ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၄၀၆ သန်းတန်ဖိုးရှိသော ဤပံ့ပိုးမှုသည် ယူကရိန်းနိုင်ငံသို့ စစ်ဘက်ဆိုင်ရာအကူအညီ အမေရိကန်ဒေါ်လာသန်း ၅၀၀ ထဲမှ ထုတ်နုတ်အသုံးပြုမည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ် Trudeau က ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က ကြေညာခဲ့သည်။ ပံ့ပိုးမှုသည် ကျွန်ုပ်တို့၏လေ့ကျင့်ရေးမစ်ရှင်-စစ်ဆင်ရေး UNIFIER၊ သံချပ်ကာယာဉ်များ၊ အမြောက်များ၊ ဒရုန်းတွင်တပ်ဆင်နိုင်မည့်ကင်မရာများနှင့် ဆောင်းကာလ အဝတ်အထည်များအပါအဝင် ကနေဒါနိုင်ငံ၏ ကာလကြာရှည်စွာပံ့ပိုးကူညီမှုအပေါ် သက်သေပြလျက်ရှိပြီး မဟာမိတ်များနှင့်မိတ်ဖက်များက ပံ့ပိုးသော ယူကရိန်းနယ်စပ်ရှိ စစ်ရေးအကူအညီများ ပို့ဆောင်ရန် ကနေဒါတော်ဝင်လေတပ်က ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း Trudeau က ဆိုသည်။

ရုရှား၏ လေကြောင်းတိုက်ခိုက်မှုများ ပြင်းထန်လာမှုအပါအဝင် တိုက်ခိုက်မှုများမှကာကွယ်ရန် လိုအပ်သည့်စစ်ရေးအကူအညီများကို ယူကရိန်းသို့ ပေးအပ်ရန် ကနေဒါက ကတိပြုထားသည်။

**Canada purchases from US one NASAMS air defense missile system for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မော်လမြိုင်ကျွန်းမြို့နယ်တွင် မိုးစပါး ၂၅၂၁၁၉ ဧက ရိတ်သိမ်းပြီးစီး



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၂၅၂၁၁၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါးလျာထား ၂၅၂၁၁၉ ဧကကို ၂၀၂၂ ခုနှစ် ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် မိုးစပါး ၂၅၂၁၁၉ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးစပါးလျာထားဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းခဲ့သည့် မိုးစပါးတစ်ဧကလျှင် ပျမ်းမျှတင်း ၉၀ ထိထွက်ရှိခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ မိုးစပါးလျာထား ၂၅၂၁၁၉ ဧကထိစိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေဖြစ်တဲ့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့က ပူးပေါင်းစိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးလျာထားဧကအားလုံး လက်ရှိရိတ်သိမ်းပြီးစီးပြီဖြစ်တယ်။ မိုးစပါးစိုက်ပျိုးရာသီမှာစိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့တာကြောင့် ပြန်လည်ရိတ်သိမ်းတဲ့အခါမှာလဲ အထွက်နှုန်းကောင်း အရည်အသွေးကောင်းစပါးတွေ ထွက်ရှိခဲ့ပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါးများလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများ ကွင်းဆင်းသရုပ်ပြခြင်း၊ ရေစိမ့်ပေါက်ရေထွက်ပေါက်များ ရှာဖွေခြင်း၊ ရွှေခရုကာကွယ်နှိမ်နင်းခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါမိုးစပါးများကို ကျေးရွာ ၁၃ ရွာက အများဆုံးစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇန်းမော်မြို့နယ် တိန်းသော်-ဟဲလုံသစ်လမ်းတွင် ကွန်ကရစ်ခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဇန်းမော် ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ် ဇန်းမော်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဇန်းမော်မြို့နယ် တိန်းသော်-ဟဲလုံသစ်လမ်းတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇန်းမော်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ယာယီခရိုင်ဦးစီးမှူး ဦးစီးအရာရှိ(မြို့ပြ) ဦးမြသင်းနှင့် တာဝန်ရှိသူများက ဇန်းမော်မြို့နယ် တိန်းသော်-ဟဲလုံသစ်လမ်းတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်းအတိုင်းအတာပြည့်မီခြင်းရှိ၊ မရှိ စစ်ဆေးကြပြီး သက်ဆိုင်ရာကုမ္ပဏီက တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ဇန်းမော်ခရိုင် ဇန်းမော်မြို့နယ် တိန်းသော်-ဟဲလုံသစ် လမ်းတွင် အရှည်နှစ်မိုင် လေးဖာလုံ၊ အကျယ် ၁၆ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၈၅၁ ဒသမ ၄၉၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် မန်းပြည်တံခွန်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် လမ်းတစ်လျှောက်ရှိ ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများအနေဖြင့် ရာသီမရွေး သွားလာ အသုံးပြုနိုင်မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသထွက်ကုန်ပစ္စည်းများကိုလည်း မြို့ပေါ်ဈေးကွက်အရောက် တင်ပို့ရောင်းချခြင်းဖြင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဇန်းမော်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# သာယာဝတီမြို့နယ် ချမ်းသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချမ်းသာကုန်းကျေးရွာအုပ်စု၊ ချမ်းသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် မိသားစုဝင်ငွေတိုးပွားစေရေးအတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ချမ်းသာကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၃၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၁၅ ဒသမ ၈၇ သန်း၊ စုစုပေါင်း အသင်းသူ အသင်းသား ၁၃၄ ဦးကို ငွေကျပ် ၄၇ ဒသမ ၇၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၃-၁-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၆၀၀၀၀ |
| **(ရွှေထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



တပ်မတော်သားဆရာဝန်များက စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




တပ်မတော်သားဆရာဝန်များက စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များကိုယ်စား ဆေးမှူးဗိုလ်ကြီးလှိုင်မြင့်ထွန်းက ဆေးဝါးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံခဲ့ရမှုများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိသေးသည့်ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့စဉ် မိမိတို့၏ အသေးစိတ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက နယ်မြေခံ ဒေသခံလူထုအပေါ် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ အုပ်ချုပ်ထောက်ပံ့မှုပစ္စည်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးပစ္စည်းများကိုထောက်ပံ့ပေးခဲ့သည့်အတွက် ယခုကဲ့သို့ မိမိတို့၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် နယ်မြေခံပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက်သာမက ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဒေသဘက်စုံတိုးတက်ရေးလုပ်ငန်းများနှင့် အခြေခံပညာ စာပေသင်ကြားရေးများတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဒေသခံပြည်သူလူထု၏ နွေးထွေးသည့် တုံ့ပြန်မှုများကိုလည်း ရရှိခဲ့ပါကြောင်း၊ မိမိတို့ **တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးခဲ့ပြီး လမ်းညွှန်ပြသ စောင့်ရှောက်ပေးခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကျရာတာဝန်များကို ကျေပွန်စွာ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်**ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများနှင့် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ဂုဏ်ပြုလက်ဖက်ရည် သုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြင့်တင်ပေးရန်အတွက် ဆရာဝန်လိုအပ်လျက်ရှိသည့် ဆေးရုံများတွင် တပ်မတော်သားဆရာဝန်များ တာဝန်ထမ်းဆောင်ခဲ့မှုအနေဖြင့် ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် တပ်မတော်သားဆရာဝန် ၄၆ ဦးဖြင့်လည်းကောင်း အသီးသီး တာဝန်လဲလှယ်ထမ်းဆောင်ခဲ့ကြပြီး ယခု ၂၀၂၂ ခုနှစ်တွင်လည်း တပ်မတော်သားဆရာဝန် ၁၈ ဦးသည် စတုတ္ထအကြိမ်အဖြစ် သွားရောက် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ တာဝန်လဲလှယ်ထမ်းဆောင်ချိန်များတွင်လည်း ဒေသခံပြည်သူများက တပ်မတော်သားဆရာဝန်များနှင့် မိသားစုများကို လှိုက်လှဲနွေးထွေးစွာကြိုဆိုခဲ့ကြကြောင်း၊ ထိုသို့ သွားရောက်တာဝန်ထမ်းဆောင်စဉ် ၎င်းတို့၏မိသားစုများသည်လည်း အတူတကွလိုက်ပါကြပြီး ကျရာတာဝန်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွ တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

တပ်မတော်သားဆရာဝန်များ အနေဖြင့် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ တတိယအကြိမ်အထိ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၄၆၇၀၁၆ ဦးတို့ကို ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဒေသခံပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စားဝတ်နေရေး အထောက်အကူဖြစ်စေရန် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းများ၊ ဒေသဘက်စုံတိုးတက်ရေးလုပ်ငန်းများတွင်လည်း ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ခဲ့ပြီး မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ဒေသခံပြည်သူတို့၏ အကျိုး၊ နိုင်ငံတော်အကျိုးကို တတ်စွမ်းသရွေ့ သယ်ပိုးထမ်းရွက်နိုင်ခဲ့ကြသဖြင့် ယခုကဲ့သို့ အခမ်းအနားဖြင့် ဂုဏ်ပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။





တပ်မတော်သားဆရာဝန်များက စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော်သားဆရာဝန်များက စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။








စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားရောက်တာဝန်ထမ်းဆောင်သည့် တပ်မတော်သားဆရာဝန်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူပြည်သူများကို တွေ့ဆုံအားပေးပြီး အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်




**လှိုင်ကော် ဇန်နဝါရီ ၁၃**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် လှိုင်ကော်လေဆိပ်သို့ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာ အသီးသီးမှတာဝန်ရှိသူများနှင့်အတူ ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ်များသင်တန်းကျောင်းမှ ကျောင်းသားများက အကအလှများဖြင့် နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူတို့သည် လှိုင်ကော်မြို့ ခရစ်တော်ဘုရင် ဗဟိုဘုရားကျောင်းသို့ သွားရောက်ပြီး လှိုင်ကော်ကက်သလစ်သာသနာမှ ကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် ဘုရားကျောင်းတွင် ယာယီနေထိုင်လျက်ရှိသည့် ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူ ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေး စကားပြောကြားပြီး အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား စသည့်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တဇိနောဘာသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်းရှိ ယာယီနေရပ်စွန့်ခွာသူ ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေး စကားပြောကြားပြီး အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို ကယားပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး ဇန်နဝါရီ ၁၅ ရက်တွင် လှိုင်ကော်မြို့ ကယားပြည်နယ်ခန်းမ၌ ကယားပြည်နယ်နေ့မုခ်ဦးဖွင့်ပွဲ၊ သဝဏ်လွှာဖတ်ပွဲနှင့် လူထုအခမ်းအနား၊ ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားတို့ကို ကျင်းပသွားမည်ဖြစ်ပြီး ကယားပြည်နယ်နေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် လှိုင်ကော်မြို့ ဦးသီရိကတ္တရာကွန်ကရစ်လမ်းနှင့် မင်းကျောင်းကတ္တရာ ကွန်ကရစ်လမ်းဖွင့်ပွဲများ၊ ပြည်နယ်အားကစားကွင်းအတွင်း မီတာ ၄၀၀ Synthetic ဖွင့်ပွဲ၊ ကိုယ်ကာယလေ့ကျင့်ရေးအားကစားခန်းမဖွင့်ပွဲ၊ ဌာနဆိုင်ရာပြခန်းဖွင့်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# CMP အထည်ချုပ်စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး ဒုတိယဝန်ကြီး ကွင်းဆင်းအားပေး

**ရန်ကုန် ဇန်နဝါရီ ၁၃**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့်အတူ အထည်ချုပ်စက်ရုံများဖြစ်သည့် ရွှေလင်ပန်းစက်မှုဇုန်ရှိ China Morning Apparel Co.,Ltd၊ Sen Ma Te Myanmar Apparel Co.,Ltd၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂) ရှိ Kamcaine Manufacturing (Myanmar) Co.,Ltd နှင့် ရွှေသံလွင်စက်မှုဇုန်ရှိ Saiform International Garment (Myanmar) များသို့ ကွင်းဆင်းအားပေး၍ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေး၊ အလုပ်ရှင်၊ အလုပ်သမားလုပ်ငန်းခွင် ဆက်ဆံရေးပိုမိုအားကောင်းလာစေရေး လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့ကို စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကော်မတီဝင်များက ကဏ္ဍအလိုက်တင်ပြကြရာ ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲက ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်များ၏ ဆောင်ရွက်နိုင်မှုများကိုအသုံးချနိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်စေကြောင်း၊ နိုင်ငံ၏ GDP တိုးတက်စေရန် ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ရန်နှင့် ပို့ကုန်အဆင့်မြှင့်တင်ရန်လိုကြောင်း လမ်းညွှန်မှာကြားချက်နှင့်အညီ အစိုးရ၊အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် CMP လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။



အထည်ချုပ်လုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်းအများဆုံး ဖန်တီးပေးနေသည့် လုပ်ငန်းများဖြစ်ရာ မိမိလုပ်ငန်းအပေါ် သစ္စာစောင့်သိရမည်ဖြစ်ပြီး အလုပ်ရှင်နှင့်အလုပ်သမားများ အပြန်အလှန်အကျိုးပြုနေကြောင်းခံယူ၍ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးရန်လိုကြောင်း၊ ကျွမ်းကျင်လုပ်သားများကို ကျွမ်းကျင်မှုအဆင့်နှင့်ကိုက်ညီသည့် အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များပေးအပ်နိုင်ရေး ဝန်ကြီးဌာနက ဦးစီးဆောင်ရွက်လျက်ရှိသဖြင့် အထည်ချုပ်လုပ်သား အလုပ်အကိုင်အတွက် Assessment Center များကို လုပ်သားအင်အားများပြားသည့် စက်ရုံများတွင် တည်ထောင်ပေးပြီး လုပ်ငန်းခွင်မပျက်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်နိုင်ရေး မိတ်ဖက်ဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုရရှိသည့် စက်ရုံများကိုအတုယူ၍ ကျင့်သုံးဆောင်ရွက်သွားရန်နှင့် လူမှုဖူလုံရေးအဖွဲ့က သတ်မှတ်ချက်နှင့်ကိုက်ညီသည့်စက်ရုံများတွင် ဌာနကြီးဆေးခန်းများဖွင့်လှစ်ပေးလျက်ရှိသဖြင့် အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ရရှိရေး ချိတ်ဆက်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ ထုတ်လွှင့်ဖော်ပြ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူ ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်တွင် သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ပယ်ဖျက်၍ နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာမြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း ဝဏ္ဏကျော်ထင်ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ရှမ်းပြည်နယ်ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးပါတီ(RCSS/SSA)ဥက္ကဋ္ဌ ဦးယွက်စစ်ကိုယ်စား ဦးစိုင်းရှောင်းဟန်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

☆ ကျောဖုံးမှအဆက်

ဇနီးဖြစ်သူ ဒေါ်သန်းသန်းကိုလည်းကောင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ မောင်မောင်လတ်(နောင်)ကိုလည်းကောင်း၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးဇော်ဝင်း(ကွယ်လွန်)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်နွဲ့ဝင်းကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်(ငြိမ်း)ကိုလည်းကောင်း၊ သီရိပျံချီဘွဲ့ရရှိသူ တရားရေးရာဌာန ဝန်ကြီး ဦးခင်မောင်လတ်(ငြိမ်း) ကိုယ်စား သားဖြစ်သူ ဦးခင်မောင်လေးကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ လယ်ယာနှင့် သစ်တောဌာန ဒုတိယဝန်ကြီး ဦးကျော်ထိန်(ငြိမ်း)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ရီရီဝင်းကိုလည်းကောင်း၊ သီရိပျံချီဘွဲ့ရရှိသူ ဒုတိယဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့ကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထဲရေးဝန်ကြီးဌာန ရဲချုပ် ဦးသိန်းအောင်(ငြိမ်း)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်တင်တင်မြင့်ကိုလည်းကောင်း၊ သီရိပျံချီဘွဲ့ရရှိသူ သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင်(ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်ဖြူမာကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစန်းဝေ(ငြိမ်း)ကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတိုက်စိုး(ငြိမ်း)ကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ သမဝါယမဌာန ဒုတိယဝန်ကြီး ဦးကျော်သန်း(ငြိမ်း)ကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ကျန်းမာရေးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ထွန်းလှဖြူ(ငြိမ်း)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သန်းသန်းမေကိုလည်းကောင်း၊ သီရိပျံချီဘွဲ့ရရှိသူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဟန်ဇော်(ငြိမ်း)ကိုလည်းကောင်း၊ သီရိပျံချီဘွဲ့ရရှိသူ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်(ငြိမ်း)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခိုင်နွယ်ဦးကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းကိုလည်းကောင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဦးတင်ခကိုလည်းကောင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဒေါက်တာသော်ကောင်းကိုလည်းကောင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ အနုပညာရှင် ဦးညွန့်ဝင်း(ကွယ်လွန်)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်မကြီးကိုလည်းကောင်း၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဗိုလ်မှူးချုပ် စန်းကြည်(ငြိမ်း)ကိုယ်စား သမီးဖြစ်သူ ဒေါ်တင်တင်ကြည်ကို လည်းကောင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဦးကျောက်ဆောက်သာနိုး (မောင်သာနိုး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်လေးနွယ်ကိုလည်းကောင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာဦးမြင့်ကြည်(တက္ကသိုလ်မြတ်စိုး)ကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန ဒုတိယဝန်ကြီး ဦးညွန့်မောင်(ငြိမ်း) ကိုယ်စား သမီးဖြစ်သူ ဒေါ်ကြူကြူမောင်ကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၂)စက်မှုဌာန ဒုတိယဝန်ကြီး ဦးဦးစောလှ(ငြိမ်း)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်အေးရွှေကိုလည်းကောင်း၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မြင့်(ငြိမ်း)ကိုလည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များကို ၎င်းတို့၏ နေအိမ်များသို့သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးဇော်ဝင်း(ငြိမ်း)(ကွယ်လွန်)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်နွဲ့ဝင်းထံ ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။

ထို့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သီရိပျံချီဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ဦးထွန်းမြင့်ကိုယ်စား မြေးဖြစ်သူ ဦးတင်မြင့်လှိုင်ကိုလည်းကောင်း၊ သီရိပျံချီဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ "ဝ"အမျိုးသားပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းလူ(ခ)ဦးဒီကီကိုယ်စား သားဖြစ်သူ ဦးခွန်စောမင်းခေါင်ကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ရှမ်းပြည်နယ်ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးပါတီ (RCSS/SSA)ဥက္ကဋ္ဌ ဦးယွက်စစ်ကိုယ်စား ဦးစိုင်းရှောင်းဟန်ကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ဦးကေဗရပျံ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်အယ်နီကိုလည်းကောင်း၊ အလင်္ကာကျော်စွာဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ စာရေးဆရာ ဦးသန်းထွန်းကိုလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံ စုပေါင်းရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစန်းဝေ(ငြိမ်း)ထံ ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး ဝဏ္ဏကျော်ထင်ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ဦးကေဗရပျံ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်အယ်နီအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး

အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၃**

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌွေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ ဆေးနှင့် ဆေးနှီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုယိမ်းအကဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌွေး၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ မော်ကွန်းထိန်း ဦးမြင့်အေးတို့က တိုင်းရင်းဆေးပညာရပ်များနှင့် တိုင်းရင်းဆေးအသုံးဝင်ပုံများ၊ ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ၏ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေမှုများကို အားပေး ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၀ ပညာသင်နှစ်မှ ထူးချွန် ကျောင်းသား၊ ကျောင်းသူများကို ပညာရည်ချွန်ဆုတံဆိပ်၊ ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်မိသားစုက ချီးမြှင့်သည့် ဂုဏ်ပြုငွေများနှင့် ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုငွေကျပ်သိန်း ၂၀ တို့ကိုလည်းကောင်း၊ စီးပွားရေးရာဝန်ကြီးက ဆုရကျောင်းသား၊ ကျောင်းသူများကို ဆုတံဆိပ်၊ ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌွေးနှင့် ပါမောက္ခတို့က ပါမောက္ခ ဦးဝင်းစိုးအား Professor Emeritus ခန့်အပ်လွှာနှင့် တိုင်းရင်းဆေးတက္ကသိုလ်၏ Professor Emeritus များ၊ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဂုဏ်ထူးဆောင်တွဲဖက်ပါမောက္ခများ၊ ဂုဏ်ထူးဆောင်ကထိကများနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ပါဝင်ကူညီခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုလွှာများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ အခြေခံပညာအလယ်တန်းကျောင်းတို့၌ အသီးသီးကျင်းပကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တိုင်းမှူးများနှင့် ဒုတိယတိုင်းမှူးတို့က အမှာစကားများ အသီးသီးပြောကြားသည်။ ထို့နောက် ASEAN ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် နိုင်ငံတော်အဆင့်ဆုရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးခဲ့သည့် ဆရာ၊ ဆရာမများ၊ လူရည်ချွန်အဆင့်ဆင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ကာယ၊ ဉာဏ ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ပြီး ကျောင်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက တေးသံသာအကအလှများဖြင့် ဖျော်ဖြေကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ကြသည်။ ထို့နောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# ဇန်နဝါရီ ၁၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၇၄၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၁၉၉ ဦး |

**နေပြည်တော် ဇန်နဝါရီ ၁၃**

ဇန်နဝါရီ ၁၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၀၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ Grand Royal အရက်ချက်စက်ရုံ မီးလောင်မှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ဆောင်ရွက်



မှော်ဘီမြို့နယ် လိပ်ပျှတ်ကျေးရွာရှိ Grand Royal အရက်ချက်စက်ရုံ မီးလောင်နေမှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နေစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၃**

ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လိပ်ပျှတ်ကျေးရွာအုပ်စု လိပ်ပျှတ်ကျေးရွာ အမှတ်(၄) လမ်းမဘေးရှိ Grand Royal အရက်ချက်စက်ရုံတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကို Level အဆင့် ( ၃ ) သတ်မှတ်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ် ယာဉ်အုပ်စုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ Level 3 ယာဉ်အုပ်စု စုစုပေါင်းမီးသတ်ယာဉ်အစီး ၆၀၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၄၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀ တို့ဖြင့် မီးလောင်ကျွမ်းသည့် အရက်ချက်စက်ရုံသို့ရောက်ရှိ မီးငြိမ်းသတ်လျက်ရှိသည်။

မီးလောင်ကျွမ်းမှုကြောင့် စက်ရုံရှိ RF 96% အရက်ဆီဂါလန် ၅၀၀၀၀ဆံ့ Tank သုံးလုံး၊ RF 50% အရက်ဆီလီတာ ၂၀၀၀၀ ဆံ့ Tank ခြောက်လုံးနှင့် ဂိုဒေါင်သုံးလုံးတို့ မီးလောင်ကျွမ်းလျက်ရှိပြီး မီးလောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့ဝင်များက စွမ်းစွမ်းတမံ မီးငြိမ်းသတ် ဆောင်ရွက်လျက်ရှိစဉ် ညနေ ၅ နာရီခွဲတွင် အဆိုပါစက်ရုံအတွင်းမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် မီးငြိမ်းသတ်နေသည့် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးတို့တွင် ဒဏ်ရာအချို့ရရှိခဲ့သောကြောင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။

စက်ရုံမီးလောင်ကျွမ်းရသည့်အကြောင်းရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို စိစစ်တွက်ချက်လျက်ရှိကာ မီးလောင်ကျွမ်းမှုကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက ဆက်လက်ကြိုးပမ်းငြိမ်းသတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



မှော်ဘီမြို့နယ်ရှိ လိပ်ပျှတ်ကျေးရွာရှိ Grand Royal အရက်ချက်စက်ရုံ မီးလောင်နေမှုကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၅၀၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၄၇၉၆ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၁၀၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၇၀၀ ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် လူဦးရေစာရင်းမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူစဉ်ကာလအတွင်း ထူးခြားဖြစ်စဉ်များ

| စဉ် | ရက်စွဲ | နေရာ | ဖြစ်စဉ်အကျဉ်း | ထိခိုက်ဆုံးရှုံးမှု |
|---|---|---|---|---|
| ၁ | ၉-၁-၂၀၂၃ | လောင်းလုံးမြို့နယ်<br>တနင်္သာရီတိုင်းဒေသကြီး | ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက် နံနက်၁၁ နာရီ မိနစ် ၂၀ တွင် လောင်းလုံးမြို့နယ် ကမြောကင်းကျေးရွာအုပ်စု ကမြောကင်း အခြေခံပညာမူလတန်းကျောင်းအနီး မောင်းမကန်ရဲတပ်ဖွဲ့၏ လုံခြုံရေးဖြင့် စာရင်းကောက်ယူနေစဉ် အကြမ်းဖက်လေးဦးခန့်က Vigo အနက်ရောင် ကားဖြင့်လာရောက်၍ သေနတ်ဖြင့်ပစ်ခတ်ခဲ့ပါသည်။ | ဒုတိယရဲအုပ် သိန်းထိုက်(ကျဆုံး)၊M-22 တစ်လက်၊ ကျည်အတောင့် ၅၀၊ ကျည်အိမ်နှစ်ခု ဆုံးရှုံးခဲ့ပါသည်။ |
| ၂ | ၉-၁-၂၀၂၃ | ဆားလင်းကြီးမြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း ဦးရေ ၂၀ ခန့်က ဆားလင်းကြီးမြို့နယ် ဦးစီးမှူးရုံးကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ | ပေ(၆၀×၃၀×၂၀)အုတ်ညပ်သွပ်မိုး မြို့နယ် လဝကရုံးတစ်လုံး၊ ရုံးမှတ်တမ်းစာရွက်စာတမ်းများ၊ ရုံးသုံးပရိဘောဂများနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပါသည်။ |
| ၃ | ၁၁-၁-၂၀၂၃ | မိဂလုံကျေးရွာ<br>ကော့ကရိတ်မြို့နယ်<br>ကရင်ပြည်နယ် | ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့များက လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်နေစဉ် KNU/PDF အင်အား ၄၀ ခန့်က မော်တော်ယာဉ်သုံးစီးဖြင့်ရောက်ရှိလာပြီး စာရင်းကောက်ယူရေးအဖွဲ့ထံမှ စာရွက်စာတမ်းများနှင့် အိမ်ထောင်စုပုံစံများကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ | e-ID အိမ်ထောင်စုပုံစံ ၅၂၄ စောင်၊ အိမ်ထောင်စုပုံစံ အစောင် ၆၀ နှင့် မသန်စွမ်းပုံစံ အစောင် ၅၀ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ |
| ၄ | ၁၂-၁-၂၀၂၃ | ရေစကြိုမြို့နယ်<br>မကွေးတိုင်းဒေသကြီး | ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက် နံနက် ၁ နာရီ မိနစ် ၂၀ တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်းဦးရေ ၂၀ ခန့်က ရေစကြိုမြို့နယ် ဦးစီးမှူးရုံးကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ | ပေ(၆၀×၃၀×၂၀)ပျဉ်ကာ၊ အုတ်ခင်း၊ အုတ်ကြွပ်မိုး တစ်ထပ်ရုံး အဆောက်အအုံတစ်လုံးနှင့် ရုံးသုံးစာရွက်စာတမ်းများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးအသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပါသည်။ |
| ၅ | ၁၂-၁-၂၀၂၃ | ကုလားကျောက်ဖျာကျေးရွာ<br>ကော့ကရိတ်မြို့နယ်<br>ကရင်ပြည်နယ် | ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက် ည ၆ နာရီတွင် KNU/PDF ပူးပေါင်းအဖွဲ့ အင်အားခုနစ်ဦးက လက်နက်များကိုင်ဆောင်၍ စာရင်းကောက်မည့် e-ID အိမ်ထောင်စုပုံစံ ၅၆၂ စောင်၊ အိမ်ထောင်စုပုံစံ အစောင် ၁၀၀ နှင့် မသန်စွမ်းပုံစံ အစောင် ၂၀ တို့ကို ယူဆောင်သွားခဲ့ပါသည်။ | e-ID အိမ်ထောင်စုပုံစံ ၅၆၂ စောင်၊ အိမ်ထောင်စုပုံစံ အစောင် ၁၀၀နှင့် မသန်စွမ်းပုံစံ အစောင် ၂၀ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ |
| ၆ | ၁၂-၁-၂၀၂၃ | ချမ်းမြသာစည်မြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ဆိုင်ကယ်စီးနင်းလာသော အကြမ်းဖက်သမားနှစ်ဦးက လက်ပစ်ဗုံးဖြင့် လာရောက်ပစ်ပေါက်ခဲ့ရာ ဓမ္မာရုံဆင်ဝင်အောက်တွင် ကျရောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါသည်။ | ထိခိုက်ဆုံးရှုံးမှုမရှိပါ။ |
| ၇ | ၁၃-၁-၂၀၂၃ | ဈေးဟောင်းရပ်ကွက်<br>ဟားခါးမြို့<br>ချင်းပြည်နယ် | ဟားခါးမြို့ ဈေးဟောင်းရပ်ကွက်တွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူလျက်ရှိသောအဖွဲ့ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် အကြမ်းဖက်အဖွဲ့က Sniper ဖြင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပါသည်။ | ရဲဒုတိယတပ်ကြပ် ဇင်မင်းသူ ထိမှန်ကျဆုံးခဲ့ပါသည်။ |

# ကျောက်ကြီးမြို့နယ် ကျောက်ကြီး-ပဲနွယ်ကုန်းသွား ကားလမ်းပေါ်ရှိ သံပေါင်ဘေလီတံတားတစ်စင်းကို PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb တစ်လုံး အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံး၊ လေးဦးထိခိုက်ဒဏ်ရာရရှိ

PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ




**နေပြည်တော် ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ကြီး-ပဲနွယ်ကုန်းသွား ကားလမ်းပေါ်ရှိ သံပေါင်ဘေလီတံတားတစ်စင်းကို PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၅ နာရီခန့်တွင် ကျောက်ကြီးမြို့နယ် ကျောက်ကြီး-ပဲနွယ်ကုန်းသွားကားလမ်း နတ်သံကွင်းကျေးရွာ၏ အရှေ့မြောက်ဘက် မိုင် ၃၂၀၀ ခန့်အကွာရှိ သံပေါင်ဘေလီတံတား တစ်စင်းကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့ရာ တံတား၏ အရှေ့မြောက်ဘက် ပေ ၂၀ ခန့်အကွာတွင် ကျရောက်ပေါက်ကွဲခဲ့သဖြင့် တောင်ယာမှ ပြန်လာကြသည့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးခဲ့ပြီး လေးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကာ နတ်သံကွင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းကဲ့သို့ အပြစ်မဲ့ပြည်သူများကို သေဆုံးဒဏ်ရာရရှိအောင် Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘူတာရပ်ကွက်နေ ထွေးထွေးသည် ၎င်းအသုံးပြုသည့် "Htwe Htwe" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် ပိတ်စအလိပ် ၆၀၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၄၈၆၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာလမ်းမကြီး၊ မိုင်တိုင်အမှတ် ၁၂၀ မိုင် ၆ ဖာလုံ အနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၃၆၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၃၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော အိတ်မျိုးစုံ၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၅၅၀၀၀ နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia FW1KXH အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၁၅၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရေဦးမြို့နယ် ရွှေပြည်သာရပ်ကွက်အတွင်းမှ Zongshen Cyclone အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၅၂၆၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၂၆၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၄၁ ဒသမ ၄၃၀၂ တန်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၇၆၁၅၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၇ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၃၉၄၀၂၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပန်းကြိုက်သူ

ကိုရွှေတောသား(ဆင်တူး)



(၁)

"သမီးရေ မေမေပြန်လာရင် ပန်းတွေအများကြီး ဝယ်ခဲ့မယ်နော်။ အိမ်မှာပဲနေ မောင်လေးနဲ့ပဲဆော့။ ဘယ်မှလျှောက်မသွားနဲ့ ကြားလား သမီး"

နုနုပန်းကြိုက်မှန်းသိတော့ မေမေက ဘယ်သွားသွား နုနုဖို့ မုန့်အပြင် ပန်းတွေပါဝယ်လာလေ့ရှိတယ်။ နုနုက အိမ်မှာနေပြီး မောင်လေးကိုထိန်းပေးရတယ်။ ဖေဖေက မနက်အစောကြီးကတည်းက အလုပ်သွားရတယ်။ မေမေက အိမ်မှာ ထမင်းဟင်းချက်ပြုတ်ပြီးမှ ရပ်ကွက်ထဲလှည့်ကာ အဝတ်လျှော်၊ မီးပူတိုက်တဲ့အလုပ်ကိုလုပ်ရတယ်။ အိမ်မှာ ဖေဖေရယ်၊ မေမေရယ်၊ မောင်လေးရယ်၊ နုနုရယ် မိသားစုလေးယောက်ရှိတယ်။ နုနုအသက်က ၁၂ နှစ်၊ မောင်လေးအသက်က ရှစ်နှစ်။ နုနုလဲ ကျောင်းမတက်ရသလို မောင်လေးလဲ ကျောင်းမတက်ရဘူး။ ဖေဖေနဲ့မေမေက နုနုတို့ မောင်နှမကို ကျောင်းထားမပေးဘူး။ ကိုယ့်နာမည်တွေကိုတော့ ရေးတတ်၊ ဖတ်တတ်အောင် သင်ပေးထားတယ်။ နုနုနဲ့မောင်လေးက ကျောင်းတက်ချင်ပေမဲ့ ဖေဖေနဲ့ မေမေက မထားပေးတော့ ကျောင်းမတက်ရဘူး။ အိမ်မှာမိသားစုဆုံတဲ့အချိန်က နေ့လယ်ထမင်းစားချိန်နဲ့ ညဘက် ထမင်းစားချိန်၊ အိပ်ချိန်ပဲရှိတယ်။ တစ်နေကုန် နုနုနဲ့မောင်လေးက အိမ်မှာပဲနေခဲ့ရတယ်။ နုနုတို့အိမ်က မြို့စွန်ပိုင်း ရေကန်ကြီးဘေးမှာရှိတယ်။ နုနုတို့အိမ်ဘေးမှာတော့ နုနုတို့မိသားစုတွေနေကြသလို အခြားအိမ်ကလေးတွေလဲ အများကြီးရှိတယ်။ သူတို့တွေလဲ နုနုတို့လိုပဲ ဆင်းရဲသားတွေ။ နုနုတို့ မောင်နှမလို ရွယ်တူတွေလဲအများကြီးရှိတယ်။ နုနုတို့နဲ့အတူ ဆော့ကစားကြတယ်။

(၂)

"ဟေ့ နုနု တို့တွေကန်ပေါင်ပေါ်သွားကစားကြမယ်။ နင်တို့မောင်နှမကော လိုက်မလား"

အိမ်မှာ မောင်နှမတွေကစားနေတုန်း ကြာပုနဲ့ မိစုတို့ ရောက်လာတယ်။ ကန်ပေါင်ပေါ်သွားဆော့ဖို့ခေါ်တော့ မောင်လေးကလိုက်ချင်တယ်။

"သွားကြမယ် မမရာ ဒီမှာဆော့ရတာပျင်းစရာကြီး"

"အေးဟယ် ငါလဲသွားချင်နေတာ မေမေက အိမ်မှာပဲဆော့ဖို့မှာခဲ့တာ။ တို့တစ်တွေဘယ်လိုလုပ်ကြမလဲ"

"အိမ်ကို တံခါးပိတ်ခဲ့မယ်ဟာ"

"အေးဟာ သွားကြမယ်"

ကြာပုနဲ့ မိစုတို့နောက်ကို နုနုတို့မောင်နှမ လိုက်လာခဲ့တယ်။ မေမေက ကန်ပေါင်ပေါ်တက်ဆော့တာမကြိုက်ဘူး။ ဒါပေမဲ့ နုနုက ကန်ပေါင်ပေါ်တက်ဆော့ရတာကိုပျော်တယ်။ ကန်ပေါင်ပေါ်မှာ မလေးရှားပိတောက်တွေ အများကြီးပွင့်နေတာ နုနုသိတယ်။ လေပြည်တဖြူးဖြူးနဲ့ ပန်းရနံ့လေးတသင်းသင်းကို နုနုက သိပ်ကြိုက်တာလေ။ ကန်ပေါင်ပေါ်ရောက်တော့ နုနုပိုပြီးပျော်မိတယ်။ ကန်ထဲမှာ ကြာဖြူပန်းတွေ၊ ကြာနီပန်းတွေက ပွင့်နေတာမှလှိုင်လို့၊ မွှေးလိုက်တာမှကြိုင်လို့လေ။ မောင်လေးနဲ့ ကြာပုက လိုက်တမ်းပြေးတမ်းနဲ့ ကန်ပေါင်ပေါ်မှာ ကစားနေတယ်။ မိစုက မကစားဘူး။ မိစုလဲ နုနုလိုပဲ ကန်ထဲကကြာပန်းတွေကို ငေးကြည့်နေတယ်။

(၃)

"နုနု ကြာပန်းတွေမလိုချင်ဘူးလား"

"လိုချင်တာပေါ့ မိစုရ"

မိစုက ကန်ထဲကကြာပန်းတွေကို လက်ညှိုးထိုးပြီး တစ်ပွင့်ပြီးတစ်ပွင့် လိုက်ရေတွက်နေတယ်။ မိစုရေတွက်နေတာကြည့်ပြီး နုနုလဲ ကြာပန်းတွေကို လိုက်ပြီးရေနေမိတယ်။

"တစ်ပွင့်၊ နှစ်ပွင့်၊ သုံးပွင့်၊ ငါးပွင့်၊ ကိုးပွင့်၊ ခုနစ်ပွင့်၊ လေးပွင့်၊ ခြောက်ပွင့်"

"မဟုတ်ဘူး နုနုရဲ့။ တစ်ပွင့်၊ နှစ်ပွင့်၊ သုံးပွင့်၊ လေးပွင့်"လို့ဆိုကာ နုနုရေတွက်နေတာက အစီအစဉ်မကျဘူးဆိုပြီး မိစုက ရေပြတယ်။ မိစုက ကျောင်းကို နှစ်တန်းထိတက်ရတော့ နုနုနဲ့စာရင်သာတယ်။ နုနုက ကျောင်းဆို တစ်တန်းမှမတက်ရတာ။ နုနု တွေးပြီး စိတ်မကောင်းဖြစ်မိတယ်။ ခဏပါပဲ ကြာပန်းတွေကို ကြည့်ပြီး ပျော်ရွှင်သွားရတယ်။ မောင်လေးက မလေးရှားပိတောက်ပင်ပေါ်တက်ပြေးတယ်။

"ကိုကြီး ကြာပု မီအောင်တက်လိုက်လေ"

သစ်ပင်ပေါ်ကနေပြီး လှမ်းပြောတော့ ကြာပုကလဲ သစ်ပင်ပေါ်ကိုတက်လိုက်တယ်။ မိစုနဲ့ နုနုကတော့ ကြာပန်းတွေကို ငေးကြည့်နေတုန်းပေါ့။

"ငါသွားခူးချင်လိုက်တာ နုနုရာ"

"အေး ငါကောပဲ ကြာပန်းတွေ လိုချင်လိုက်တာ တစ်ယောက်ယောက်ခူးပေးရင် ကောင်းမှာဟာ"

"ဘယ်သူက ခူးပေးမှာလဲ။ အနားမှာက ဘယ်သူမှမရှိတာကို"

"အေးလေ"

(၄)

အဲဒီနေ့က ဖေဖေနဲ့မေမေတို့ အိမ်ပြန်မရောက်ခင် နုနုတို့ကန်ပေါင်ပေါ်ကနေပြီးပြန်ခဲ့တယ်။ ကန်ပေါင်ပေါ်သွားဆော့တဲ့အကြောင်း ဖေဖေနဲ့မေမေ မသိအောင်နေဖို့ မောင်လေးကိုမှာထားတော့ မောင်လေးက ပြန်မပြောဘူး။ နုနုကလဲမပြောတော့ ဖေဖေနဲ့ မေမေက မသိကြဘူးလေ။ ဖေဖေနဲ့ မေမေများ သိသွားရင် နောက်နေ့ဘယ်သွားရတော့မလဲ။ ဖေဖေနဲ့မေမေက ဘာဖြစ်လို့ ကန်ပေါင်ပေါ် တက်မဆော့ခိုင်းတာလဲ နုနုတွေးမရဘူး။ နောက်နေ့တွေမှာလဲ ကြာပုတို့၊ မိစုတို့နဲ့အတူ ကန်ပေါင်ပေါ်ကို နုနုတို့ မောင်နှမရောက်ဖြစ်ခဲ့တယ်။

"တစ်နေ့ တစ်နေ့ ကန်ပေါင်ပေါ်ကနေပြီး ကြာပန်းတွေကိုကြည့်ရတာ အားမရလိုက်တာဟာ"

"အေး ဟုတ်တယ် ဟုတ်တယ် ငါတော့ သွားပြီး ခူးပစ်လိုက်ချင်တာ"

"ဘယ်ဖြစ်မလဲ ရေတွေက အနက်ကြီးလို့ပြောတယ်"

"နင့်ကိုဘယ်သူကပြောလဲ"

"သူများတွေ ပြောကြတာပေါ့"

နုနုနဲ့ မိစု တစ်ယောက်နဲ့တစ်ယောက်ပြောမိတယ်။

"ငါတို့ဆင်းခူးကြမယ် နုနု"

"အေးဟာ ခူးကြမယ်"

နုနုနဲ့မိစု တစ်ယောက်နဲ့ တစ်ယောက် တိုင်ပင်ကာ ကန်ပေါင်ပေါ်ကနေပြီး ဆင်းလာလိုက်တယ်။ ကန်ထဲက ကြာပန်းတွေက ပိုပြီးမွှေးပျံ့ကာ ပိုပြီးလှပနေတယ်။ ကန်ပေါင်အောက်ခြေကိုရောက်တော့ ရေထဲဆင်းဖို့ နုနုမရဲဘူးဖြစ်နေတယ်။ မိစုကလဲ ရေစပ်မှာရပ်ပြီး နုနုကိုပြန်ကြည့်တယ်။ နုနုကတော့ ကန်ထဲကကြာပန်းတွေကို မရရအောင်ခူးဖို့တွေးပြီး ကန်ထဲကိုဆင်းသွားမိတယ်။

"ဘုတ်"

"အား အမယ်လေးဗျ"

"နုနုရေ ဒီမှာ နင့်မောင်လေး သစ်ပင်ပေါ်က ပြုတ်ကျလို့ လာအုံး"

ကြာပုရဲ့အသံအကျယ်ကြီး ကြားလိုက်ရတယ်။ မောင်လေး သစ်ပင်ပေါ်ကပြုတ်ကျလို့တဲ့။ နုနု ကန်ပေါင်ပေါ်ပြေးတက်သွားတယ်။ မောင်လေးအနားကို တစ်ဟုန်ထိုးပြေးသွားလိုက်တယ်။ မောင်လေးက သစ်ပင်အောက်မှာ တုံးလုံးကလေးလဲကျနေတယ်။ ကြာပုက မောင်လေးကို လှုပ်ပြီးနှိုးနေတယ်။ မောင်လေးက နိုးမလာဘူး။ နုနုလဲ မောင်လေးကို လှုပ်ပြီးနှိုးကြည့်တယ်။ မောင်လေးနိုးမလာတော့ဘူး။ နုနုနဲ့ ကြာပုတို့ မောင်လေးကိုလှုပ်နှိုးနေကြတုန်း မိစုက ရပ်ကွက်ထဲကို ပြေးပြီး အိမ်မှာရှိကြတဲ့လူကြီးတွေကို အကူအညီတောင်းတယ်။ လူကြီးတွေရောက်လာပြီး မောင်လေးကို ပွေ့ချီကာ ပြန်ခေါ်သွားကြတယ်။

(၅)

လူကြီးတချို့က ကန်ထဲကိုဆင်းသွားကြတာ နုနုတွေ့လိုက်ရတယ်။ လူတွေကန်ထဲကိုဆင်းပြီး ရေငုပ်သူကငုပ် အော်သူကအော်ဖြစ်နေကြတယ်။ သူတို့ဘာတွေရှာနေကြတာလဲ နုနုမသိဘူးဖြစ်နေတယ်။ နုနုလက်ထဲမှာတော့ ကြာဖြူပန်းတွေ၊ ကြာနီပန်းတွေ တစ်ပွေ့ကြီးရှိနေတယ်။ နုနုက ကြာပန်းတွေအများကြီး ခူးပစ်လိုက်တာပဲ။ နုနုလက်ထဲက ကြာပန်းတွေကို ကြည့်ပြီးပျော်လိုက်တာမှ။ ဟောဟိုမှာ။ ဖေဖေနဲ့မေမေ ကန်ပေါင်ပေါ်တက်လာကြတယ်။ မေမေကငိုနေလို့ပါလား။ ဟော ဖေဖေက ကန်ထဲ အပြေးလေးဆင်းသွားတာ နုနုမြင်လိုက်တယ်။ သူတို့တွေ တစ်ယောက်တစ်ပေါက်နဲ့ အော်ပြောနေကြတယ်။ မေမေက ကန်ပေါင်ပေါ်မှာထိုင်ပြီးငိုနေတယ်။

"သမီးကြီးရေ နုနု"

"နုနုရေ ဖေဖေတို့ဆီပြန်လာပါ"

"နုနုရေ"

ဟင် နုနုနာမည်ကို ဝိုင်းပြီးခေါ်နေကြတယ်။ နုနုကို သူတို့ တစ်ယောက်မှမမြင်ကြပါလား။ နုနုလက်ထဲက ကြာပန်းတွေပစ်ချပြီး မေမေ့အနားပြေးသွားလိုက်တယ်။ မေမေ သမီးက ဒီမှာဆိုပြီး ပြောလိုက်တယ်။ မေမေကလဲ နုနုပြောတာမကြားဘူး။ ပြီးတော့ နုနုကိုလဲ မမြင်ဘူးနဲ့တူတယ်။ မေမေ့ ကိုယ်လုံးကို နုနုသိုင်းပြီးဖက်လိုက်မိတယ်။ ဟင် နုနု မေမေ့အနားကနေ ခပ်ဝေးဝေးကို ရောက်သွားတယ်။ ဟော ဟိုမှာ ကန်ထဲက တစ်ခုခုဆယ်လို့ရသွားကြပြီ။ နုနုသွားကြည့်လိုက်မိတယ်။ ဟင် ဒါ ဒါ နုနုကိုယ်လုံးကြီးပါလား။ ဒါဆို နုနုက ဘာဖြစ်သွားတာလဲ။

(၆)

"ကျွန်မ သမီးကြီးကပန်းတွေသိပ်ကြိုက်တာ။ အခုလဲ သူသိပ်ကြိုက်တဲ့ပန်းတွေက သူ့ကိုပြန်ပြီးဒုက္ခပေးသွားတာ အစ်မရယ်။ ကျွန်မ ဘယ်လိုမှဖြေလို့မရဘူး အဟီး ဟီး"

တစ်ဖက်အိမ်က အဒေါ်ကြီးကို မေမေက နုနုအကြောင်းတွေပြောပြပြီး ငိုနေတယ်။ ဖေဖေကတော့ အိမ်ဦးခန်းမှာ မှောက်လျက်ကြီးအိပ်နေပုံရတယ်။ ဖေဖေ့ခေါင်းရင်းမှာ အရက်ပုလင်းတွေကို တွေ့ရတယ်။ နုနုရဲ့ကိုယ်ခန္ဓာကြီးကို အိမ်ရှေ့မျက်နှာစာမှာရှိတဲ့ ကွက်လပ်တစ်ခုမှာ ဝါးခုံတန်းလေးလုပ်ပြီး တင်ထားကြတယ်။ နုနုဘဝက အထီးကျန်နေတယ်။ နုနုကို ဘယ်သူကမှ အဖက်မလုပ်ကြဘူး။ နုနုခန္ဓာကိုယ်ဘေးမှာတော့ မေမေက ပြောလိုက်ငိုလိုက်နဲ့ပေါ့။ မေမေက အိမ်ဘေးက အဒေါ်ကြီးကို နုနုအကြောင်းတွေ တစ်ခုပြီးတစ်ခု ပြောပြနေတယ်။

"ကျွန်မ ဘယ်လိုမှဖြေလို့မရဘူး အစ်မရယ်။ သမီးကြီးကို ကျောင်းလဲထားမပေးခဲ့ရဘူး။ စာမတတ်ပေမတတ်နဲ့ အိမ်မှာပဲနေပြီး ကလေးထိန်းနေရရှာတာ။ သမီးကြီးက သိပ်သနားဖို့ကောင်းတာ"

"ကျုပ်တို့လဲ ညည်းတို့မိသားစုနဲ့ထပ်တူ ကြေကွဲဝမ်းနည်းရပါတယ်အေ။ ဒါတောင် အငယ်ကောင်လေးက သစ်ပင်ပေါ်ကပြုတ်ကျတာ ဘာမှမဖြစ်လို့တော်သေးတယ်။ နို့မို့ဆို မတွေးဝံ့စရာပါအေ။ တရားနဲ့ဖြေပါလို့တော့ ကျုပ်လဲ ညည်းတို့ကို မပြောရက်ပါဘူးအေ"

အိမ်ဘေးကအဒေါ်ကြီးကလဲပြောတယ်။ အမေက ပြောရင်းနဲ့ငိုနေတယ်။

"ကျွန်မအပြင်သွားပြီဆို သူ့အတွက် မုန့်တို့၊ ဘာတို့မှာတာမရှိဘူး။ ပန်းလေးပဲဝယ်ခဲ့တဲ့လေ။ သမီးကြီးရေ အခုတော့ သမီးကြီးသိပ်ကြိုက်ပါတယ်ဆိုတဲ့ အလှအပတွေက သမီးကို ဒုက္ခပေးလိုက်ပြီပေါ့ သမီးကြီးရေ"

နုနုဘေးနားကနေ ခွာမသွားဘဲ မေမေက ပြောလိုက်ငိုလိုက်နဲ့ပေါ့။ နုနုဘေးနားမှာလဲ ကြာပန်းတွေ၊ နှင်းဆီပန်းတွေ ပြီးတော့ အခြားရောင်စုံပန်းတွေအများကြီးထားပေးထားကြတယ်။ ဘုန်းကြီးပင့်ပြီးတော့လဲ နုနုအတွက် ကုသိုလ်ကောင်းမှုပြုပေးကြတယ်တဲ့။ နုနုကိုလဲ သာဓုခေါ်ပါတဲ့။ သာဓုဆိုတာဘာလဲ။ သာဓုကိုဘယ်လိုခေါ်ရမှာလဲ။ နုနုဘာမှနားမလည်ဘူးဖြစ်နေတယ်။ နုနုဘာဆိုဘာမှမသိဘူးဖြစ်နေပါတော့တယ်။

## အလာဘားမားပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူခြောက်ဦးထက်မနည်းသေဆုံး



**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ်တွင် ဇန်နဝါရီ ၁၂ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူခြောက်ဦးထက်မနည်းသေဆုံးခဲ့ကြောင်း အလာဘားမားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ဇန်နဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အလာဘားမားပြည်နယ်အပြင် ဂျော်ဂျီယာပြည်နယ်၊ တန်နက်ဆီပြည်နယ်တို့တွင်လည်း လျှပ်စစ်မီးပြတ်တောက်မှုဖြင့်ရင်ဆိုင်နေရသည့်နေအိမ်ပေါင်း ၁၄၇၀၀၀ ထိရှိနေပြီး လျှပ်စစ်မီးတိုင်များလဲကျမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်နေကြောင်း အလာဘားမားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"လေဆင်နှာမောင်းကြောင့် လူခြောက်ယောက်ထက်မနည်းသေဆုံးသွားတယ်။ အသက်ဆုံးရှုံးခဲ့ရတဲ့ပြည်သူတွေရဲ့ မိသားစုဝင်တွေနဲ့ ထပ်တူဝမ်းနည်းမိပါတယ်။ အလာဘားမားပြည်နယ်ဟာ သဘာဝဘေးအန္တရာယ်နဲ့ မကြာခဏရင်ဆိုင်ခဲ့ရတယ်"ဟု အလာဘားမားပြည်နယ်ဝန်ကြီးချုပ် ကေအိုင်ဗေက ပြောကြားခဲ့သည်။

အမေရိကန်အမျိုးသားမိုးလေဝသ ဝန်ဆောင်မှုအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ လေဆင်နှာမောင်းမှာအားကောင်းခဲ့ပြီး နေရာပေါင်း ၃၅ နေရာထိ လေဆင်နှာမောင်းတိုက်ခတ်သွားခဲ့ကြောင်း၊ လေဆင်နှာမောင်းအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် လူဦးရေသန်း ၃၀ ခန့်ထိရှိနေကြောင်း သိရသည်။

လေဆင်နှာမောင်းအန္တရာယ်ဖြင့်အဓိကရင်ဆိုင်ခဲ့ရသည့် ဒေသမှာ အက်တာဂါကောင်တီဖြစ်ပြီး သေဆုံးသူများမှာလည်း အက်တာဂါကောင်တီမှဖြစ်ကြောင်း အက်တာဂါကောင်တီရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။

**ခိုင်းဆက်**

## ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကင်မရာထောင်ချောက်များတပ်ဆင်၍ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဆောင်ရွက်

**ဟုမ္မလင်း ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံမြောက်ပိုင်း ချင်းတွင်းမြစ်ဝှမ်းအထက်ပိုင်းရှိ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများကို ကင်မရာထောင်ချောက်များတပ်ဆင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)ထံမှ သိရသည်။

အဆိုပါ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကေ ၅၀၀၀၀ ကျော်တွင် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများကို ကင်မရာထောင်ချောက်အလုံးရေ ၁၆၀ တပ်ဆင်ကာ ဆောင်ရွက်နေပြီး ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ထိန်းသိမ်းရေးနှင့်သုတေသနလုပ်ဆောင်သည့် ကာလတစ်လျှောက်တွင် ၎င်းကင်မရာများကို တပ်ဆင်ထားရှိမည်ဖြစ်သည်ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ သုတေသီကိုကျော်မိုးက ပြောပြသည်။

"နှစ်တိုင်း ဘတ်ဂျက်ရရှိမှုပေါ်မူတည်ပြီး ကင်မရာထောင်ချောက်တွေကို တပ်ဆင်ပါတယ်။ နိုဝင်ဘာလလောက်မှာစတင်ပြီး မတ်လလောက်မှာသိမ်းတယ်။ ကင်မရာကွက်နမူနာရွေးပြီး တပ်ပါတယ်။ တစ်နှစ်တစ်ခါတော့ နေရာပြောင်းပြီးတပ်ပါတယ်။ ဒီနှစ်မှာလဲ ထမံသီဘေးမဲ့တောမှာ သုတေသနနှစ်မျိုးဆောင်ရွက်နေပါတယ်"ဟု သုတေသီကိုကျော်မိုးက ပြောပြသည်။

လက်ရှိတွင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော စုစုပေါင်းအကျယ်အဝန်း ကေ ၅၄၀၀၀၀ ကျော်အနက် ကေ ၅၀၀၀၀ ကျော်တွင် နေရာပေါင်း ၈၀ ၌ တစ်နေရာလျှင် ကင်မရာထောင်ချောက် နှစ်လုံးစီဖြင့် စုစုပေါင်းကင်မရာထောင်ချောက် အလုံးရေ ၁၆၀ အသုံးပြု၍ သုတေသနလုပ်ငန်းများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ASH

## ကမ္ဘာ့နိုင်ငံအသီးသီးရှိရေကာတာများတွင် ၂၀၅၀ ပြည့်နှစ်အရောက်၌ ရေသိုလှောင်နိုင်မှု လေးပုံတစ်ပုံခန့်ထိဆုံးရှုံးဖွယ်ရှိနေကြောင်း ကုလသမဂ္ဂအဖွဲ့အစည်း ထုတ်ပြန်

**နယူးယောက် ဇန်နဝါရီ ၁၃**

ကုလသမဂ္ဂ အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေသည့် သုတေသီများက ရာသီဥတုဖောက်ပြန်မှုကြောင့် ရေထုအရင်းအမြစ်များဆုံးရှုံးလာခြင်းနှင့်ပတ်သက်ပြီး သုတေသနပြုလုပ်ခဲ့ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေကာတာများတွင် ၂၀၅၀ ပြည့်နှစ်အရောက်၌ ရေသိုလှောင်နိုင်မှု လေးပုံတစ်ပုံခန့်ထိ ဆုံးရှုံးလာဖွယ်ရှိနေကြောင်း သုတေသီများက ဇန်နဝါရီ ၁၂ ရက်တွင်ထုတ်ပြန်ခဲ့သည်ဟု The Nation သတင်းဌာနက ဇန်နဝါရီ ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

ရေထုအရင်းအမြစ်များယိုယွင်းလာသည့်အပြင် သဘာဝဘေးအန္တရာယ်များကြောင့် ရေကာတာများပျက်စီးကာ ရေသိုလှောင်နိုင်မှုပမာဏ ပျက်စီးလာဖွယ်ရှိနေကြောင်း၊ ရေကာတာများ ရေသိုလှောင်နိုင်မှုပမာဏ လျော့ကျလာဖွယ်ရှိနေသည့်အတွက် ရေကာတာများကို ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားသင့်ကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းက ကမ္ဘာ့နိုင်ငံအသီးသီးကို သတိပေးခဲ့သည်။

ပုံမှန်စီးဆင်းနေသည့် မြစ်ချောင်းများတွင် အတားအဆီးများဖြစ်ပေါ်လာနိုင်သည့်အတွက် ရေကာတာများတွင် နုန်းမြေများ စုပုံလာမည်ဖြစ်ပြီး ရေကာတာ၏ ရေသိုလှောင်မှုပမာဏကို လျော့ကျစေမည်ဖြစ်ကြောင်း၊ ထို့ပြင် နုန်းမြေများကြောင့် ရေကာတာများတွင် တည်ဆောက်ထားသည့် ရေအားလျှပ်စစ်တာဘိုင်များကိုလည်း ပျက်စီးလာစေနိုင်ကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



ကုလသမဂ္ဂအဖွဲ့အစည်းသည် နိုင်ငံပေါင်း ၁၅၀ မှ ရေကာတာပေါင်း ၄၅၀၀ ကို စောင့်ကြည့်ခဲ့ပြီး လက်ရှိ မူရင်းသိုလှောင်နိုင်သည့် ရေပမာဏထက် ၁၆ ရာခိုင်နှုန်းထိ လျော့ကျသည့် အခြေအနေသို့ ရောက်ရှိနေသည်ဟု ကုလသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

## ဝါးခယ်မမြို့နယ်တွင် နှစ် ၁၀၀ ကျော် သက်တမ်းရင့် ကညင်ဖြူပင်များတွေ့ရှိ

**ဝါးခယ်မ ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဘွတ်တန်းကျေးရွာတွင် သက်တမ်းရင့် နှစ် ၁၀၀ ကျော် ရှားပါးကညင်ဖြူပင်များတွေ့ရှိထားပြီး နေပြည်တော် သစ်တောပြတိုက်သို့ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ဝါးခယ်မမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းဦးထံမှ သိရသည်။

ကညင်ဖြူပင်သုံးပင်၏ ရင်စို့လုံးပတ်များမှာ ၁၄ ပေ ၁၁ လက်မ၊ ၁၄ ပေ ခုနစ်လက်မနှင့် ၁၄ ပေ သုံးလက်မရှိပြီး အမြင့်ပေ ၁၁၀ ခန့် ရှိကြောင်း သိရသည်။

"အခုတွေ့ရှိမှတ်တမ်းတင်နိုင်တာကတော့ ကညင်ဖြူပင် သုံးပင်ဖြစ်ပြီး အမြင့်ပေ ၁၁၀ လောက်ရှိပါတယ်။ ကညင်ဖြူပင်မျိုးကို ရှမ်းပြည်နယ် ကျိုင်းတုံမြို့မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလကလဲ တွေ့ရှိထိန်းသိမ်းနိုင်ခဲ့ပါတယ်"ဟု ဦးမင်းမင်းဦးက ပြောပြသည်။

ကညင်ဖြူပင်သည် အပင်ကြီးမျိုးဖြစ်ပြီး အမြင့်ပေ ၄၀ ခန့်မှ အမြင့်ပေ ၁၀၀ ခန့်ထိ မြင့်မားကြောင်း၊ ကညင်ဖြူပင်အပြင် ကညင်နီပင်လည်းရှိပြီး ကညင်နီမှာ ကညင်ဖြူထက် အရွက်ပိုငယ်ကြောင်း၊ အရွက်၏ အရောင်၊ အခေါက်နှင့် အသားရောင်တို့ပေါ်မူတည်၍ အဖြူ အနီကွဲပြားကြောင်း သိရသည်။

ကညင်အဖြူမျိုးသည် မြန်မာနိုင်ငံအောက်ပိုင်းတွင်အပေါက်များ၍အနီမျိုးမှာ မြန်မာနိုင်ငံအထက်ပိုင်းတွင်အပေါက်များပြီး ကညင်ဖြူနှင့် ကညင်နီပင်ကို မြန်မာနိုင်ငံအပြင် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင်လည်း တွေ့ရကြောင်း သိရသည်။

ASH



## ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုညီလာခံ COP30 ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရန် ဘရာဇီးနိုင်ငံ တရားဝင်ကမ်းလှမ်း

**ဘရာစီးလီးယား ဇန်နဝါရီ ၁၃**

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် ဘရာဇီးနိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လာပြီး ၂၀၂၅ ခုနှစ်တွင် ကျင်းပသွားမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုညီလာခံ COP30 ကိုအိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် ဇန်နဝါရီလဒုတိယပတ်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းထံ တရားဝင်ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း Euro News သတင်းဌာနက ဇန်နဝါရီ ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါညီလာခံကို ဘရာဇီးနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းရှိ ဘီလမ်မြို့တွင် ကျင်းပသွားရန်လည်း ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း၊ ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် ၂၀၂၂ ခုနှစ်တွင် အီဂျစ်နိုင်ငံ၌ကျင်းပခဲ့သော COP27 ညီလာခံသို့ တက်ရောက်ခဲ့ပြီး အဆိုပါညီလာခံတွင်လည်း အမေဇုန်သစ်တောကြီးဝိုင်းနှင့် နီးကပ်သည့်မြို့တွင် COP ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်အောင် စီစဉ်သွားမည်ဖြစ်ကြောင်း တရားဝင်ပြောကြားခဲ့ဖူးသည်။

"အီဂျစ်မှာကျင်းပခဲ့တဲ့ COP-27 ညီလာခံမှာကတည်းက ကျွန်တော် ကတိပေးပြောကြားထားတဲ့အတိုင်း COP ညီလာခံကို ဘရာဇီးနိုင်ငံရဲ့ အမေဇုန်သစ်တောကြီးဝိုင်းအနီးမှာ ကျင်းပသွားနိုင်ဖို့အတွက် တရားဝင်ကမ်းလှမ်းမှု ပြုလုပ်ထားပြီးဖြစ်ပါတယ်"ဟု သမ္မတလူလာဒါဆေးလ်ဗားက ပြောကြားခဲ့သည်။

တရားဝင်ကမ်းလှမ်းမှုကို ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး မော်ရိုဗီအဲရာက ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ဘရာဇီးနိုင်ငံ၏ ကမ်းလှမ်းမှုကို လက်ခံမည်ဟု ဘရာဇီးအစိုးရက ယုံကြည်မျှော်လင့်နေကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသွားခဲ့သည်။

ယခင် ဘရာဇီးသမ္မတဘိုလ်ဆိုနာရိုလက်ထက်တွင် အမေဇုန်သစ်တောပြုန်းတီးမှုမြင့်မားခဲ့ခြင်းကြောင့် ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ထို့ကြောင့် သမ္မတလူလာဒါဆေးလ်ဗား အနေဖြင့် အမေဇုန်သစ်တောကြီးဝိုင်း ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသလို နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ခိုင်းဆက်**

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၄၉၆၈ ဧက စိုက်ပျိုးပြီးစီး



**ကသာ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၄၉၆၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ပြောင်းသီးနှံ ၅၉၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၉၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ပြောင်း ဧက ၄၀၀၀ ကျော်စိုက်ပြီးနေပြီ။ ကျန်တဲ့ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ပြောင်းသီးနှံ စိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာသလို အောင်မြင်ဖြစ်ထွန်းလျက် ရှိပါတယ်။ စိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ ပိုးမွှားကျရောက်မှုမရှိအောင် ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၆၁၁ ဧက၊ အင်းတော်မြို့နယ်တွင် ၄၉၆ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၂၆၉၉ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၆၂ ဧက စုစုပေါင်း ပြောင်း ၄၉၆၈ ဧက တို့ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ပြောင်းသီးနှံစိုက်ပျိုးမှုများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖော်ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးထံမှ သိရသည်။

(၂၀၆)

# ကျောက်ဖြူမြို့နယ် ကုန်ဘောင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်

**ကျောက်ဖြူ ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကလန့်တဲကျေးရွာအုပ်စု ကုန်ဘောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလုံးမောင်သိန်းက အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးအေးသန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်က သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊သင်တန်းတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ကျောက်ဖြူမြို့နယ် ကလန့်တဲကျေးရွာအုပ်စုအတွင်းရှိ ကလန့်တဲ၊ ကုန်ဘောင်၊ မူးရွှင်းနှင့် ကျွဲသေကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၂၀ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှသင်တန်းနည်းပြအရာရှိများက ယနေ့မှ ဖေဖော်ဝါရီ ၂ ရက်ထိ ၂၁ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလုံးမောင်သိန်း၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန့်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာအရာရှိများ၊ ကုန်ဘောင်ကျေးရွာ ရပ်မိ၊ ရပ်ဖများနှင့် သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်းဦးရေ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အေးမြတ်**

# ညောင်ရွှေမြို့နယ် ငါးဖယ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ငါးဖယ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ငါးဖယ်ချောင်းကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ဦး စုစုပေါင်း ၅၅ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၃ သန်း ထုတ်ချေး ပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ပွင့်ဖြူမြို့နယ် သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလက်သိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်လင်းလက်သိန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာအုပ်စု သာစည်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းဝင်များထံမှ သတ္တမအကြိမ် ထုတ်ချေးပေးထားသည့် စီမံကိန်းရန်ပုံငွေများကို ပြန်လည်ကောက်ခံရယူပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၃ ဦးကို ငွေကျပ် ၂၈ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၁ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၀ ဒသမ ၂ သန်း ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၈ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဘိုကလေးမြို့နယ်တွင် ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိ

**ဘိုကလေး ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း ဘိုကလေးမြို့နယ် ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မွေးမြူရေးတာဝန်ခံ ဒေါ်ချယ်ရီက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်သည် ဒေသထွက် မွေးမြူရေးငါးတန်နှင့် မြစ်ငါးတန်များထွက်ရှိပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိသာဈေးရရှိခဲ့ပြီး ယခုနှစ်ဇန်နဝါရီလ ပထမပတ်မှစ၍ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ မွေးမြူရေးငါးတန်နဲ့ မြစ်ငါးတန်တွေ ထွက်ရှိပါတယ်။ လက်ရှိ ငါးတန်နှစ်မျိုးစလုံး ဈေးကောင်းရရှိနေတာပါ။ ဇန်နဝါရီ ၁၂ ရက်အတွင်း ငါးတန်တစ်ပိဿာကို ငွေကျပ် ၃၀၀၀ လောက်ထိ ဈေးကောင်းလာတာဖြစ်ပါတယ်။ ဒေသထွက် ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူအားကောင်းတော့ ဈေးကောင်းလဲ ရရှိနေတာဖြစ်ပါတယ်။ ငါးတန်မွေးမြူသူတွေကတော့ ပထမတစ်ကြိမ် ငါးကန်ဖော်ချိန်က ဈေးကောင်းကောင်းမရခဲ့လို့ အဆင်မပြေခဲ့ပါဘူး။ အခုလမှာ ငါးတန်ဈေးကောင်းရရှိလို့ ဝမ်းသာနေကြပါတယ်"ဟု ဘိုကလေးမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မွေးမြူရေးတာဝန်ခံ ဒေါ်ချယ်ရီက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် မွေးမြူရေးငါးတန်များနှင့်သဘာဝအတိုင်း ဖမ်းယူရရှိသည့် မြစ်ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချနေကြောင်း၊ ငါးတန်ဈေးကောင်းလာခြင်းကြောင့် လာမည့် နွေကာလ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် တိုးချဲ့မွေးမြူသွားရန် ပြင်ဆင်နေကြောင်း၊ ငါးတန်မွေးမြူမည်ဆိုပါက ကန်တစ်ကန်လျှင် ငွေကျပ် ကိုးသိန်းမှ ၁၄ သိန်းထိ ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ချိန်ခါမရွေး သတိပေး
မီးဘေးကင်းဝေးမှာ

# ဝတ်စားဆင်ယင်မှုမှာ ယဉ်ကျေးပါ

ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

ကျွန်ုပ်တို့လူသားများ အသက်ရှင်နေထိုင်နိုင်ရေးအတွက် စားဝတ်နေရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ ထို့ပြင် လူသားတို့သည် လူမှုဆက်ဆံရေးကို တည်ဆောက်သူများဖြစ်သည်။ လူမှုအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံလာရသောအခါ မိမိ၏ ဝတ်စားဆင်ယင်မှုသည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိစေရန် လိုအပ်လာပါသည်။ မိမိတို့၏ အသက်အရွယ်၊ ဂုဏ်သိက္ခာ၊ နေရာဒေသတို့အပြင် အခြေအနေနှင့်အချိန်အခါအရ ဝတ်ဆင်တတ်ရန် လိုပေသည်။

ကျွန်ုပ်တို့လူသားများသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူညီကြသည့်အလျောက် ယဉ်ကျေးမှုများလည်း မတူကြပေ။ သူငယ်ချင်းအပေါင်းအသင်းမှသည် မြို့၊ ရွာ၊ နိုင်ငံများထိ အဖွဲ့အစည်းအသီးသီးဖြင့် ရပ်တည်လာကြသည်မှာ ယနေ့တိုင်ဖြစ်ပေသည်။ အဖွဲ့အစည်းများစွာ ဖြစ်လာသည်နှင့်အမျှ ယဉ်ကျေးမှုဟူသည်လည်း ကျယ်ပြန့်လာကာ ကူးလူးဆက်နွယ်လာကြမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ကောင်းသောယဉ်ကျေးမှုတို့ကိုသာ လက်ခံရမည်ဖြစ်ပြီး မကောင်းသော ယဉ်ကျေးမှုတို့ကို ရှောင်ကြဉ်ရပေမည်။ ဥပမာအနေဖြင့် ကျွန်ုပ်တို့နိုင်ငံထက် ပို၍ကောင်းမွန်သော သူတစ်ပါးနိုင်ငံမှ သိပ္ပံပညာတွေ့ရှိချက်များ၊ လေကြောင်းအတတ်ပညာ၊ သက်ဆိုင်ရာဘာသာရပ်အလိုက် စာပေသင်ကြားမှု၊ ကွန်ပျူတာပညာ၊ တီထွင်ဖန်တီးမှုပညာ စသည့်နည်းပညာများကို အတုယူကာ မိမိတို့နိုင်ငံ ပိုမိုတိုးတက်အောင်ပြုလုပ်ကြရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ အနုပညာယဉ်ကျေးမှုတွင်မူ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုနှင့် ဆန့်ကျင်သော ယဉ်ကျေးမှုမျိုးကိုဖြင့် အတုယူရန်မသင့်ပါချေ။ အရေးကြီးသည်မှာ တိုင်းတစ်ပါး၏ ယဉ်ကျေးမှုကို အတုယူရင်းဖြင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အမျိုးသားဟန်များ ပျောက်ကွယ်မသွားစေရန်ကိုမူ သတိပြုကြရပေမည်။

လူမှုနယ်ပယ်တွင် "တောင်းမှာအကွပ်၊ လူမှာအဝတ်" ဟူ၍ ဆိုရိုးစကားလည်းရှိပေသည်။ အကွပ်မရှိသောတောင်းတွင် နှီးစများမှာ ထိုးထိုးထောင်ထောင်ထွက်နေမည်ဖြစ်သည်။ သပ်ရပ်မှု မရှိသည့်အပြင် ကြာရှည်ခိုင်ခံ့မည်လည်း မဟုတ်ပေ။ အကွပ်မရှိခြင်းသည် အထိန်းအသိမ်းမရှိခြင်းသဘောကိုဆောင်ပေသည်။ လူတို့သည်လည်း မိမိလူမျိုး၏ ဝတ်စုံကို နေရာဒေသ၊ အချိန်ကာလအလိုက် ဝတ်ဆင်တတ်ရန်လိုပါသည်။ ထိုသို့မဟုတ်ဘဲ ကပိုကရို၊ ဖရိုဖရဲဝတ်ဆင်ပါက မိမိလူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို ထိခိုက်စေပါသည်။ ထို့ပြင် သူတစ်ပါး၏ အထင်အမြင်သေးခြင်းကိုလည်း ခံရတတ်ပါသည်။

အဝတ်အစား ဝတ်ဆင်ခြင်းမှာ အရှက်တရားကို လုံခြုံစေရန်၊ ရာသီဥတုဒဏ်ကိုခံနိုင်၍ အပူအအေးမျှတစေရန်၊ မိမိလူမျိုး၏ ဝိသေသဂုဏ်ကို ဖော်ဆောင်နိုင်စေရန်တို့ကြောင့်ဖြစ်သည်။ အဝတ်အစား ဝတ်ဆင်သည်ဆိုရာတွင်လည်း မိမိအရွယ်၊ ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် လိုက်လျောညီထွေ ရှိသင့်ကြပေသည်။ ဆယ်ကျော်သက်အရွယ် လူတစ်ဦးက အသက်ခြောက်ဆယ်ကျော်အရွယ် ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ထားလျှင် လူရယ်ဖွယ် ဖြစ်ပေလိမ့်မည်။ ထို့အတူပင် အသက်ခြောက်ဆယ်ကျော်အရွယ် လူတစ်ဦးက ဆယ်ကျော်သက်အရွယ် ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ပြန်ပါက လူအများကဲ့ရဲ့ဖွယ် ဖြစ်ပေတော့မည်။ ထို့ပြင် မင်္ဂလာပွဲသို့သွားသော အဝတ်အစားမျိုးနှင့် နာရေးကိစ္စ သို့မဟုတ် အနိဋ္ဌာရုံကိစ္စများကို သွားမည်ဆိုလျှင် မသင့်တော်ပေ။ ထို့ကြောင့် ကာလ၊ ဒေသ၊ အခြေအနေကိုလိုက်၍ ဝတ်ဆင်သင့်ပေသည်။

**❖ အဝတ်အစားဝတ်ဆင်သည်ဆိုရာတွင်လည်း မိမိအရွယ်၊ ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် လိုက်လျောညီထွေရှိသင့်ကြပေသည်။ ဆယ်ကျော်သက်အရွယ်လူတစ်ဦးက အသက်ခြောက်ဆယ်ကျော်အရွယ် ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ထားလျှင် လူရယ်ဖွယ်ဖြစ်ပေလိမ့်မည်။ ထို့အတူပင် အသက်ခြောက်ဆယ်ကျော်အရွယ်လူတစ်ဦးက ဆယ်ကျော်သက်အရွယ် ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ပြန်ပါက လူအများကဲ့ရဲ့ဖွယ်ဖြစ်ပေတော့မည်။ ထို့ပြင် မင်္ဂလာပွဲသို့သွားသော အဝတ်အစားမျိုးနှင့် နာရေးကိစ္စ သို့မဟုတ် အနိဋ္ဌာရုံကိစ္စများကို သွားမည်ဆိုလျှင် မသင့်တော်ပေ။ ထို့ကြောင့် ကာလ၊ ဒေသ၊ အခြေအနေကိုလိုက်၍ ဝတ်ဆင်သင့်ပေသည်။ ❖**

မြန်မာလူမျိုးတို့သည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသော လူမျိုးဖြစ်ပေသည်။ ထို့ကြောင့် ဝတ်စားဆင်ယင်ပုံ ဓလေ့များမှာလည်း ကိုယ်ပိုင်ဟန်ဖြင့် ရပ်တည်နေပါသည်။ ကမ္ဘာပေါ်ရှိ လူမျိုးများထဲတွင် မြန်မာတို့၏ ဝတ်ဆင်ပုံမှာ ထူးခြားနေရုံသာမက မြန်မာတို့ကို ယဉ်ကျေးသိမ်မွေ့သူများအဖြစ် မှတ်တမ်းဝင်နေစေပါသည်။ ရှပ်အင်္ကျီ၊ ကော်လာအင်္ကျီ လက်ရှည်နှင့် တိုက်ပုံအင်္ကျီတို့မှာ မြန်မာအမျိုးသားဝတ်စုံဖြစ်သည်။ ယောထဘီနှင့် ရင်စေ့အင်္ကျီလက်ရှည်၊ ရင်ဖုံးအင်္ကျီတို့မှာ မြန်မာအမျိုးသမီးဝတ်စုံပင်ဖြစ်သည်။ တောင်းမှာအကွပ်၊ လူမှာအဝတ်ဆိုသည့်အတိုင်း ဝတ်စားဆင်ယင်မှုတွင် အရေးကြီးလှပါသည်။ စနစ်တကျ သေသပ်စွာဝတ်ဆင်မှုဓလေ့မှ အရာရာတွင် စည်းကမ်းရှိသော အလေ့အကျင့်ကောင်းများကိုရရှိစေပါသည်။ တောင်းတွင်အကွပ်သည် "တောင့်တင်းခိုင်မာလှပမှု"ကိုဖြစ်စေသည်။ ထို့အတူ လူတို့တွင် အဝတ်သည် "စည်းကမ်းရှိခြင်း၊ မရှိခြင်း"ကို ဖြစ်ပေါ်စေသည်။

မြန်မာလူမျိုးတို့သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားကြသည့်အလျောက် မိမိတို့၏ယဉ်ကျေးမှုနှင့် ကိုက်ညီသောရိုးရာဝတ်စားဆင်ယင်မှုများကို ထိန်းသိမ်းဝတ်ဆင်လာခဲ့ကြသည်မှာ ရှေးယခင်မှစ၍ ယနေ့ထိပင်ဖြစ်သည်။ အမျိုးသားများဆိုလျှင် ရှပ်အင်္ကျီလက်ရှည်၊ ပုဆိုး၊ ပင်နီအင်္ကျီနှင့် တိုက်ပုံအင်္ကျီတို့ကို ယနေ့တိုင်ထိန်းသိမ်းဝတ်ဆင်နေကြသည်မှာ ဂုဏ်ယူဖွယ်ဖြစ်ပေသည်။ အမျိုးသမီးများသည်လည်း လက်ရှည်အင်္ကျီ၊ ရင်ဖုံးအင်္ကျီ၊ ယောထဘီနှင့် ပဝါရှည်များကို ယနေ့တိုင် အမြတ်တနိုးဝတ်ဆင်နေကြသည်မှာ လေးစားအတုယူဖွယ်ဖြစ်သည်။ သို့သော် အနောက်တိုင်းယဉ်ကျေးမှုများမှ ဝင်ရောက်လာသော စကတ်တို၊ ဘောင်းဘီတိုများနှင့် အင်္ကျီများကို အတုယူအဆန်းတွင် ဝတ်ဆင်နေကြသည်ကိုလည်း တစ်ခါတစ်ရံတွေ့မြင်နေရပေသည်။ မိမိကိုယ်ပိုင်ယဉ်ကျေးမှုကို လုံးဝလျစ်လျူရှုသလိုဆိုလျှင် အဓိပ္ပာယ်မဲ့ရာရောက်ပေတော့မည်။ စကတ်တိုဝတ်ဆင်ခြင်းသည် အရှက်မလုံရုံသာမက တစ်ခုခုစွန်းပေသွားလျှင်ပင် အလွယ်တကူလှည့်၍ ဖုံးဝတ်၍မရတော့ပေ။ လုံချည်သည်ကား အရှက်လုံ၍ ကျွန်ရေမြို့ဖြစ်၍ တစ်ခုခုစွန်းပေသွားလျှင်ပင် ခဏတာအားဖြင့် အလွယ်တကူဖုံးဝတ်၍ရပေသည်။ မြန်မာ့ယဉ်ကျေးမှုမှ လုံချည်၏အားသာချက်များကို စကတ်တိုနှင့်ဘောင်းဘီတိုများက မည်သို့မျှယှဉ်နိုင်လိမ့်မည်မဟုတ်ပေ။ အလွန်တန်ဖိုးရှိလှသော မြန်မာတို့၏ ကိုယ်ပိုင်အဝတ်အစား ယဉ်ကျေးမှုပင်ဖြစ်သည်။

ထို့ပြင် မြန်မာလူမျိုးတို့၏ ရိုးရာဝတ်စားဆင်ယင်မှုနှင့် ဆန့်ကျင်သော သရုပ်ပျက်ဝတ်စားဆင်ယင်မှုများကိုလည်း ရှောင်ကြဉ်ရပါမည်။ ယနေ့ကာလ၌ ဆက်သွယ်ရေးနည်းပညာများကြောင့် နိုင်ငံအချင်းချင်း ဆက်သွယ်ရာတွင် ပို၍လွယ်ကူလာပါသည်။ တိုင်းတစ်ပါးတို့၏ အဝတ်အစား ယဉ်ကျေးမှုများသည် ရုပ်ရှင်၊ ဂီတတို့မှတစ်ဆင့် မြန်မာလူငယ်များထံသို့ ထိုးဖောက်ဝင်ရောက်လာနေပြီဖြစ်သည်။ လူငယ်လူရွယ်တို့သည် အသစ်အဆန်းကိုမြင်လျှင် အတုယူချင်ကြသည်။ စကတ်အတို၊ ဘောင်းဘီအတို၊ ဘောင်းဘီအစုတ်အပြဲ၊ စကတ်အပြဲ၊ ရင်ဟိုက်အင်္ကျီစသည်တို့ကို အဆန်းထွင်၍ ဝတ်ဆင်လာကြသည်။ ယနေ့ခေတ်အခါတွင် မလုံ့တလုံ အဝတ်အစားနှင့် မိန်းမပျိုလေးများကို စိတ်မချမ်းမြေ့စရာ တွေ့မြင်နေရပေသည်။ ထိုမိန်းမပျိုလေးများကို မြင်သူတိုင်းက ကြည့်တတ်ကြသော်လည်း အထင်ကြီးသည့်အကြည့်မျိုးမဟုတ်ပေ။ သရုပ်ပျက် အဝတ်အစားများကြောင့် မိန်းမပျိုလေးများ၏ နုပျိုစင်ကြယ်သောဂုဏ်ကိုလည်း ကျဆင်းစေပါသည်။

ထိုသို့ပြောဆိုခြင်းကြောင့် ဝတ်စားဆင်ယင်မှုတွင် ခေတ်နှင့်အညီ ပြောင်းလဲဝတ်ဆင်ခြင်း မပြုသင့်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ရာသီဥတု အချိန်အခါအလိုက် ပေါ့ပေါ့ပါးပါးဝတ်ဆင်နေထိုင်ခြင်းကိုမူ ပြုသင့်ပါသည်။ တိုးတက်လာသော စက်မှုလက်မှုနှင့် နည်းပညာခေတ်တွင် အချို့သောအဝတ်အစားများကို ပြောင်းလဲဝတ်ဆင်သင့်ပါသည်။ ဥပမာအားဖြင့် အရှိန်ဖြင့်လည်ပတ်နေသော စက်ပစ္စည်းကိရိယာများ၊ အလုပ်ရုံများကြားတွင် တောင်ရှည်ပုဆိုးကိုဝတ်ဆင်ပြီး လုပ်ငန်းခွင်ဝင်၍မဖြစ်ပါ။ မိမိလူမျိုး၏ ဝတ်စားဆင်ယင်ပုံကို ခေတ်နှင့်အညီ ဆန်းသစ်လှပစေရန် ပြုပြင်ဖန်တီးမှုကို လက်ခံရပေမည်။ သို့သော် တိုင်းတစ်ပါးယဉ်ကျေးမှုများကို အပုံလိုက်၊ အခဲလိုက် အတုယူခြင်းမျိုးကိုဖြင့် ရှောင်ကြဉ်ကြရပေမည်။ ခေတ်ရေစီးကြောင်းကို အပြစ်မဆိုလိုပါပေ။ သို့သော် မြောင်းပုပ်ရေစီးမှုမျိုးကိုဖြင့် ကာကွယ်တားဆီးကြရမည်။

တိုင်းတစ်ပါးမှ သရုပ်ပျက် အဝတ်အစားများကို အတုယူ ဝတ်ဆင်ပြီး ခေတ်နှင့်အညီ ရင်ပေါင်တန်းသည်ဟုဆိုခြင်းမှာ ခေါင်းစဉ်လှလှပေးပြီး အယူအဆမှားနေခြင်းသာဖြစ်သည်။ ပညာရှာဖွေသင်ယူခြင်း၊ အလုပ်ကြိုးစားခြင်း၊ စည်းကမ်းရှိခြင်းတို့ကိုသာ ခေတ်နှင့်အညီ ရင်ပေါင်တန်းအောင် ကြိုးစားသင့်ကြပေသည်။ မြန်မာ့ရေမြေသဘာဝနှင့် လိုက်လျောညီထွေရှိသော အချက်များကိုသာ လက်ခံသင့်ပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မညီသော ဝတ်စားဆင်ယင်မှုမျိုးကို ရှောင်ကြဉ်ကြရပါမည်။

နိဂုံးချုပ်ဆိုရသော် ကျွန်ုပ်တို့သည် အဟောင်းဆိုတိုင်းလည်း အကုန်ပစ်ပယ်၍ မဖြစ်နိုင်သကဲ့သို့ အသစ်ဆိုတိုင်းလည်း အကုန်လုံးကို လက်မခံသင့်ပေ။ ခေတ်ရေစီးကြောင်းကို အသိအမှတ်ပြု လိုက်လျောပေးရမည်မှန်သော်လည်း မြောင်းပုပ်ရေစီးမှုမျိုးကိုဖြင့် ကာကွယ်တားဆီးကြရမည်။ ထို့ကြောင့် ချစ်စရာမြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ခေတ်ရေစီးကြောင်းနှင့် မြောင်းပုပ်ရေစီးကြောင်းများကို ခွဲခြားသိမြင်နိုင်ကြပါစေ။ မြန်မာတို့၏ ကိုယ်ပိုင်ဟန်များနှင့် ဝိသေသဂုဏ်များကို မပျောက်ကွယ်စေရန် ဝတ်စားဆင်ယင်မှုများတွင် အမှန်တကယ် ယဉ်ကျေးသိမ်မွေ့ကြရန်လိုအပ်သည်။ မြန်မာဆန်ဆန်ယဉ်ကျေးသော၊ ဂုဏ်သိက္ခာရှိသော၊ ကာလံဒေသံနှင့် ကိုက်ညီသော ဝတ်စားဆင်ယင်မှုကို ကျင့်သုံးဆောင်ရွက်အပ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မြောက်ဦးမြို့နယ် လက္ကာကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြောက်ဦး ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၂၂၀ ဒသမ ၄၅၄ သန်းဖြင့် ဘုရားကြီးကျေးရွာအုပ်စု လက္ကာကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွှန့်၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာကွန်ကရစ်လမ်း ကော်မတီဝင်များနှင့်အတူ လက္ကာကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်ညွှန့်က ကော်မတီဝင်များကို ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိန်းသိမ်းရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ မြောက်ဦးမြို့နယ် လက္ကာကျေးရွာတွင် အရှည် ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၀ ဒသမ ၄၅၄ သန်းဖြင့် မိုးမြတ်ဝသန်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇူလိုင် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၃၂၂ အိမ်၊ လူဦးရေ ၁၅၉၀ ကို အကျိုးပြုသွားမည်ဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွှန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက တွေ့ဆုံမှုမှာအသာရထားတဲ့ စပါး၊ နိုက်၊ ရိုးမားအသင်းတို့ကို အားပေးရမှာပါ

M L




တနင်္ဂနွေနေ့ညမှာလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိတာကြောင့် ဘောလုံးရသအပြည့်အဝပေးစွမ်းနိုင်မဲ့ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာပါ။ လက်ရှိမှာ ဇန်နဝါရီအပြောင်းအရွှေ့ကာလရောက်ရှိနေပေမဲ့ ကလပ်အသင်းအများစုဟာ ကစားသမားဖြည့်တင်းမှုတွေထင်သလောက်မလုပ်တော့ဘဲ အဓိက ကစားသမားတွေကိုပဲ ဆက်လက်ထိန်းသိမ်းဖို့ ကြိုးစားနေကြတာဖြစ်ပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက အရန်ကစားသမားအင်အားတောင့်တင်းပြီး အိမ်ကွင်းမှာ ခြေစွမ်းပိုင်းအသာရထားတဲ့အသင်းတွေကိုပဲ အဓိက အားပေးသွားမှာဖြစ်ပါတယ်။

## စပါးကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ စပါးအသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ မြို့ခံပြိုင်ဘက်အသင်းတွေဖြစ်တာကြောင့် တွေ့ဆုံမှုတိုင်းမှာ အကြိတ်အနယ်ရှိခဲ့ပြီး သွင်းဂိုးတွေများခဲ့တာကိုတွေ့ရမှာပါ။ စပါးအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ကစားခဲ့တဲ့အမှတ်ပေးပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ရုန်းကန်ခဲ့ရပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ပဲလေ့စ်အသင်းနဲ့ပွဲစဉ်မှာတော့ လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၈ ပွဲအပြီးမှာ ၁၀ ပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံး ရမှတ် ၃၃ မှတ်နဲ့ အဆင့်(၅)ထိ ကျဆင်းခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းသမိုင်းတစ်လျှောက် တွေ့ဆုံမှုတွေမှာတော့ အိမ်ရှင်အသင်းတွေကအသာရခဲ့တာဖြစ်ပြီး လက်ရှိနည်းပြကွန်တီလက်ထက်မှာလဲ အာဆင်နယ်အသင်းက စပါးအိမ်ကွင်းမှာ နိုင်ပွဲမရခဲ့ပါဘူး။ စပါးအသင်းအနေနဲ့ တိုက်စစ်ပိုင်းမှာ ဘန်တန်ကာ၊ ကူလူဆက်စကီး၊ ရစ်ချာလီဆန်တို့မပါဝင်နိုင်သေးပေမဲ့ ဟယ်ရီကိန်း၊ ဆွန်ဟောင်မင်၊ ဘရိုင်ယန်ဂျီလ်တို့ အတွဲအဖက်မိနေတာကြောင့် ပြီးခဲ့တဲ့နှစ်ပွဲဆက်မှာ စပါးအသင်းကစားပုံတိုးတက်လာတာကိုတွေ့ရမှာပါ။ ဟယ်ရီကိန်းအနေနဲ့လဲ အခုပြိုင်ပွဲမှာ သွင်းဂိုး ၁၅ ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားထဲမှာ ပါဝင်နေသလို အာဆင်နယ်နဲ့တွေ့ဆုံတဲ့ ဒါဘီပြိုင်ပွဲတွေမှာလဲ ဂိုးသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။

အာဆင်နယ်အသင်းဟာ အခုရာသီအမှတ်ပေးပြိုင်ပွဲမှာ အကောင်းဆုံးပုံစံရရှိနေတာကြောင့် ၁၇ ပွဲအပြီးမှာ တစ်ပွဲပဲရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းရှုံးနိမ့်ခဲ့တာကလဲ မန်ယူအသင်းကို အဝေးကွင်းပွဲစဉ်မှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးဇယားအဆင့်(၁)မှာ ဦးဆောင်နေပြီး အဆင့်(၂)မန်စီးတီးအသင်းကို ရမှတ်ငါးမှတ်ထိ ဖြတ်တောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အမှတ်ပေးပွဲမှာ နယူးကာဆယ်နဲ့တွေ့ဆုံခဲ့ပြီး ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်ခဲ့ပေမဲ့ အငြင်းပွားဖွယ်ရာဆုံးဖြတ်ချက်တချို့ကြောင့် နိုင်ပွဲနဲ့လွဲချော်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြအာတီတာဟာ အခုရာသီမှာ ဂျီးဆပ်စ်နဲ့ဇီချန်ကိုတို့ကိုခေါ်ယူနိုင်ခဲ့တာကြောင့် ရလဒ်ပိုင်းကောင်းမွန်ခဲ့ပေမဲ့ နောက်ပိုင်းမှာ ဂျီးဆပ်မပါနိုင်တဲ့ တိုက်စစ်အနေနဲ့ဂိုးရဖို့ခက်ခဲလာတာကို သတိပြုရမှာပါ။ လက်ရှိနည်းပြအာတီတာလက်အောက်မှာ တိုက်စစ်ပိုင်းကို ဆာကာ၊ အန်ကေးတီးယား၊ မာတင်နယ်လီတို့ ဦးဆောင်နေပေမဲ့ အကြိတ်အနယ်ယှဉ်ပြိုင်ရတဲ့ပွဲစဉ်တွေမှာ ဂိုးရဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ အခုပွဲစဉ်ဟာ နည်းပြနှစ်ယောက်ရဲ့ နည်းစနစ်ပိုင်း အားပြိုင်ရမှာဖြစ်ပေမဲ့ စပါးအသင်းက ဒါဘီပြိုင်ပွဲတွေမှာ အိမ်ကွင်းကစားအားကောင်းတာကြောင့် ရမှတ်လိုအပ်ချက်ရှိနေတဲ့ စပါးအသင်းကိုပဲ အားပေးရမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| စပါး | ၁ | - ၁ | နိုက် |
| ဘရန့်ဖို့ဒ် | ၂ | - ၂ | စပါး |
| စပါး | ၀ | - ၂ | အေဗီလာ |
| ပဲလေ့စ် | ၀ | - ၄ | စပါး |
| စပါး | ၁ | - ၀ | ပို့စ်မောက် |

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| အာဆင်နယ် | ၀ | - ၂ | ဂျူဗင်တပ် |
| အာဆင်နယ် | ၃ | - ၁ | ဝက်စ်ဟမ်း |
| ဘရိုက်တန် | ၂ | - ၄ | အာဆင်နယ် |
| အာဆင်နယ် | ၀ | - ၀ | နယူးကာဆယ် |
| အောက်စ်ဖို့ဒ် | ၀ | - ၃ | အာဆင်နယ် |

## နိုက်အသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ရိမ်းနဲ့ နိုက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိမ်းအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ အိမ်ကွင်းကစားအားကောင်းတဲ့ အေဂျက်ဆီယိုကို အဝေးကွင်းကနေ ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ကစားနိုင်ခဲ့လို့ တစ်ဂိုးဂိုးမရှိနဲ့အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးငါးပွဲဆက်မှာ သုံးပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အဆင့်(၁၁)ထိရောက်ရှိနေပြီး တိုက်စစ်မှူး ဘာလိုဂန်ကတော့ သွင်းဂိုး ၁၀ ဂိုးနဲ့ အသင်းရဲ့ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အိမ်ကွင်းရှစ်ပွဲမှာ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ပဲရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ရိမ်းအသင်းဟာ အိမ်ကွင်းကစားပုံအားနည်းတဲ့အသင်းတွေထဲမှာပါဝင်နေတာကြောင့် အခုပွဲစဉ်မှာလဲနိုင်ပွဲရဖို့ခက်ခဲအုံးမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ၁၇ ကြိမ်မှာလဲ ရိမ်းအသင်းက သုံးပွဲပဲအနိုင်ရခဲ့တာဖြစ်ပါတယ်။

နိုက်အသင်းဟာ အခုရာသီမှာ နည်းပြသစ်ဖာဗရီကိုခန့်အပ်ခဲ့ပေမဲ့ သူ့အနေနဲ့ ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းဖို့ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ သူတို့အသင်းဟာ နည်းပြဖာဗရီကိုထုတ်ပယ်ပြီး လက်ထောက်နည်းပြဒိုင်ဂို့ကို ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ပါတယ်။ သူတို့အသင်းဟာ နည်းပြဒိုင်ဂို့လက်ထက်မှာ တိုက်စစ်ပိုင်းတိုးတက်လာတာကြောင့် ပြီးခဲ့တဲ့ မောင့်ပယ်လီယာနဲ့ပွဲစဉ်မှာ ခြောက်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့တာဖြစ်ပါတယ်။ နိုက်အသင်းဟာ အခုရာသီမှာ ဥရောပပြိုင်ပွဲကစားခွင့်ရဖို့အတွက် ဘာကလေ၊ နီကိုလပ်ပီပီ၊ အာရွှန်ရမ်ဆေး၊ ကက်စပါရှမိုက်ကယ်တို့ကို ခေါ်ယူအားဖြည့်ခဲ့ပေမဲ့ ခြေစွမ်းပိုင်းတိုးတက်လာခြင်းမရှိတာကြောင့် ပြိုင်ပွဲစုံမှာရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ယာယီနည်းပြဒိုင်ဂို့လက်ထက်မှာတော့ ပထမဆုံးကြိုးကြပ်ခွင့်ရတဲ့ပွဲစဉ်မှာပင် ဂိုးပြတ်အနိုင်ရအောင်စွမ်းဆောင်ထားနိုင်တဲ့ တိုက်စစ်ကစားပုံက အားရစရာပါ။ အခုပွဲစဉ်မှာ နိုက်အသင်းက ရိမ်းအသင်းထက် ကစားသမားစုဖွဲ့မှုသာလွန်သလို တိုက်စစ်ပိုင်းကလဲထက်မြက်လာတာကြောင့် အိမ်ကွင်းကစားပုံအားနည်းနေတဲ့ ရိမ်းအသင်းအနေနဲ့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မလွယ်ပါဘူး။ ဒါကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ရမှတ် ၂၄ မှတ်ပဲရရှိပြီး နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ ညီသည်နိုက်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**ရိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| ရိမ်း | ၁ | - ၂ | လန်း |
| ရိမ်း | ၃ | - ၁ | ရင်းနက် |
| လိုင်လီ | ၁ | - ၁ | ရိမ်း |
| လွန်းပလိတ် | ၀ | - ၇ | ရိမ်း |
| အေဂျက်စီယို | ၀ | - ၁ | ရိမ်း |

**နိုက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| စပါး | ၁ | - ၁ | နိုက် |
| နိုက် | ၀ | - ၀ | လန်း |
| ရင်းနက် | ၂ | - ၁ | နိုက် |
| လီပူး | ၀ | - ၁ | နိုက် |
| နိုက် | ၆ | - ၁ | မောင့်ပယ်လီယာ |

## ရိုးမားရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ရိုးမားအသင်းနဲ့ ဖီအိုရင်တီးနားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းဟာ နည်းပြမော်ရင်ဟိုလက်အောက်မှာ ကစားပုံထက်မြက်လာပြီး ခံစစ်ပိုင်းက ပေးဂိုးနည်းခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အေစီမီလန်အသင်းရဲ့ဦးဆောင်မှုကို ခံခဲ့ရပေမဲ့ မော်ရင်ဟိုရဲ့ လူစားလဲမှုမှန်ကန်ခဲ့တာကြောင့် ချေပဂိုးရခဲ့ပြီး ရမှတ်ခွဲယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် နည်းပြမော်ရင်ဟိုဟာ ပြီးခဲ့တဲ့ အပြောင်းအရွှေ့မှာ မာတစ်၊ ဗိုင်ဘာလာ၊ စီလစ်၊ ဝင်နယ်ဒန်၊ ဘယ်လော့တီတို့လိုကစားသမားတွေကို ခေါ်ယူအားဖြည့်ခဲ့တာကြောင့် ကစားသမားအင်အားတောင့်တင်းနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် ရိုးမားအသင်းဟာ စီးရီးအေ ၁၇ ပွဲအပြီးမှာ ရမှတ် ၃၁ မှတ်ရရှိခဲ့ပြီး အဆင့်(၄)က အင်တာမီလန်နဲ့ ရမှတ်သုံးမှတ်ပဲကွာဟနေလို့ အခုပွဲစဉ်ဟာ ရိုးမားအသင်းအတွက် အရေးပါနေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ သူတို့အသင်းအနေနဲ့ ဒဏ်ရာရ၊ ပွဲပယ် ကစားသမားနှစ်ယောက်ကလွဲရင် ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာမဟုတ်ပါဘူး။

ဖီအိုရင်တီးနားအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲစဉ်မှာလဲ ပြိုင်ဘက်ကိုဦးဆောင်ခဲ့ပြီးမှ ဒုတိယပိုင်းမှာ ချေပဂိုးတွေခွင့်ပြုလိုက်ရလို့ ရမှတ်ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းလေးပွဲဆက် ရှုံးပွဲမရှိသေးတာကို သတိပြုရမှာပါ။ ဖီအိုရင်တီးနားအသင်းဟာ တိုက်စစ်မှူးဗလာဟိုဗစ်ကိုရောင်းချပြီးနောက်ပိုင်း တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းနိုင်ခြင်းမရှိခဲ့လို့ ရလဒ်ပိုင်းကျဆင်းသွားခဲ့ရတာပါ။ လက်ရှိသူတို့အသင်းနည်းပြကတော့ တိုက်စစ်မှူးကာဘရယ်ကို အထောင်ထားပြီး ၄-၂-၃-၁ ကစားကွက်နဲ့ပွဲထွက်နေပေမဲ့ ခံစစ်ကစားပုံတည်ငြိမ်နေတဲ့အသင်းတွေကိုတော့ ဂိုးသွင်းနိုင်ဖို့ခက်ခဲနေဆဲဖြစ်ပါတယ်။ သူတို့အသင်းဟာ စီးရီးအေ ၁၇ ပွဲအပြီးမှာ ရမှတ် ၂၃ မှတ်နဲ့အဆင့်(၉)မှာ ရပ်တည်နေပေမဲ့ အခုပွဲစဉ်ကိုရှုံးနိမ့်ခဲ့ရင် အဆင့်တစ်ဆင့်သာ လျော့ကျနိုင်မှာဖြစ်လို့ သူတို့အသင်းအတွက်ဖိအားမရှိပါဘူး။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုသမိုင်းမှာလဲ ရိုးမားက ၁၇ ပွဲနိုင်၊ ငါးပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့သလို ကစားသမားစုဖွဲ့မှုမှာလဲ ဖီအိုရင်တီးနားထက်သာလွန်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အိမ်ကွင်းခံစစ်ပိုင်းတည်ငြိမ်တဲ့ ရိုးမားအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| ကာဒီဇက် | ၃ | - ၀ | ရိုးမား |
| ကာဆာမီ | ၀ | - ၁ | ရိုးမား |
| ဝေါ်ဝီဂျက် | ၀ | - ၃ | ရိုးမား |
| ရိုးမား | ၁ | - ၀ | ဘိုလော့နာ |
| အေစီမီလန် | ၂ | - ၂ | ရိုးမား |

**ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဘရက်ရှား | ၁ | - ၂ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၁ | - ၁ | မိုနာကို |
| ဖီအိုရင်တီးနား | ၆ | - ၁ | လိုဇာနို |
| ဖီအိုရင်တီးနား | ၁ | - ၁ | မွန်ဇာ |
| ဖီအိုရင်တီးနား | ၂ | - ၁ | ဆက်ဆူအိုလို |

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၃၁၁၂၁ ဧက စိုက်ပျိုးပြီးစီး



၂၀၂၂ ခုနှစ် မိုးနေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၃၁၁၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာဧက ၃၄၃၄၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆောင်းနေကြာ ၃၁၁၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မုံရွာခရိုင်တွင် ဆောင်းနေကြာ ဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၇၇၄၅ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၁၈၀၂၀၊ အရာတော်မြို့နယ်တွင် ၂၇၂၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ၂၆၃၁ ဧက စုစုပေါင်း ၃၁၁၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မုံရွာခရိုင်မှာ ဆောင်းနေကြာသီးနှံစိုက်ပျိုးမှုက မိုးရာသီထက် ဆောင်းရာသီမှာ ပိုပြီးစိုက်ပျိုးတာများတယ်။ ဆောင်းနေကြာသီးနှံ စိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ မနှစ်က ဆိုရင် ဆောင်းနေကြာစိုက်ပျိုးမှုက ဧက ၂၇၉၀၀ ပဲ စိုက်ပျိုးနိုင်ခဲ့တာပါ။ လက်ရှိမှာတော့ ဆောင်းနေကြာ ၃၁၁၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် နေကြာသီးနှံ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ်က မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးနေကြာသီးနှံ ၇၆၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးနေကြာသီးနှံ ၉၄၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# မောင်တောမြို့နယ် ကံသာယာကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**မောင်တော ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လုပ်အားခဝင်ငွေရရှိစေရန် ရည်ရွယ်၍ ကံသာယာကျေးရွာ၌ Cash for Work စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မောင်တောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောထွန်း၊ မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကံသာယာကျေးရွာ၌ CFW စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း ဖြန့်ကျောက်ခင်းခြင်းနှင့် လမ်းဘေးရေမြောင်းတူးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို CFW စီမံကိန်းလက်စွဲပါ လမ်းညွှန်ချက်များနှင့်အညီ စံချိန်စံညွှန်းအတိုင်း ဆောက်ရွက်ကြရန် မှာကြားသည်။

မောင်တောမြို့နယ် ကံသာယာကျေးရွာ၌ ရွာတွင်းလမ်းအရှည်ပေ ၁၁၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် လေးလက်မရှိ ဖြန့်ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ရွာတွင်းလမ်းဘေးရေမြောင်း တူးဖော်ခြင်းလုပ်ငန်းများကို Cash for Work စီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၀၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဒီဇင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်ရည်ရွယ်၍ Cash for Work စီမံကိန်းကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ပံ့ပိုး ငွေကျပ် သိန်း ၁၀၀ ဖြင့် မိမိကျေးရွာဖွံ့ဖြိုးရေးကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်ပြီး လုပ်အားခရရှိသည့်အတွက် မိသားစုစားဝတ်နေရေးကို အထောက်အကူပြုကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းထံမှ သိရသည်။ **အထွေး**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၁၉၀ | ၂၁၇၀ | ၂၂၇၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၅ | ၂၄၅၅ | ၂၇၇၅ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၂၈၅၅ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၅ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၃၀ | ၃၃၇၅ |
| HSD (50 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၄၀၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၇ | ၂၁၀၁ |
| 95 Ron | ၂၀၈၆ | ၂၁၆၂ |
| HSD (500 ppm) | ၂၂၉၆ | ၂၃၇၁ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၄၇ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၇၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ







## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ သီးကုန်းရွာ၊ ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းနှင့် ရန်ကုန်-မန္တလေး ဟိုင်းဝေးလမ်းမကြီး ၂၈၅ မိုင်နေ ဦးဝေဖြိုးအောင်မှ **(1) ရွှေလီရတနာ (2) ရတနာရွှေလီ (3)ရတနာ (4)ရွှေလီ (5)ရွှေလီရတနာမန်း** တံဆိပ်(၅)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးဝေဖြိုးအောင် ထံသို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝေဖြိုးအောင်(၉/မထလ(နိုင်)၂၃၇၂၀၃)၊ ၂၈၅မိုင်၊ ကျောက်ပန်းတောင်း-မိတ္ထီလာ လမ်းနှင့်ရန်ကုန်-မန္တလေး ဟိုင်းဝေးလမ်းမကြီး၊ သီးကုန်းရွာ၊ မိတ္ထီလာမြို့။**
**၀၉-၄၀၃၀၆၆၇၈၆၊ ၀၉-၄၂၆၇၀၀၉၈၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်နေ ဦးနိုင်ဦး-ဒေါ်အေးအေးသင်းတို့၏သား **မောင်ငြိမ်းချမ်းအောင် (၉/မမစ(နိုင်)၀၈၃၈၅၃)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးနိုင်ဦး (၉/မနတ(နိုင်)၀၄၄၈၁၈)**
**ဒေါ်အေးအေးသင်း (၉/မရတ(နိုင်)၁၀၇၅၇၅)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ခြင်းဖြစ်...

❖ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြ...

❖ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင်ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်းချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူနိုင်မည့်ဘွဲ့ခံပုဂ္ဂိုလ်များကို နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့်ကာယကံရှင်နှင့် မိသားစုဝင်များထံသို့ လက်ရောက်ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။

ထိုသို့ချီးမြှင့်ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးသိန်းအောင် ကိုယ်စား ဇနီး ဒေါ်စန်းစန်းလွင်ထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက အလင်္ကာကျော်စွာဘွဲ့ရရှိသူ ဂီတပညာရှင် စန္ဒရားချစ်ဆွေ (ကွယ်လွန်) ကိုယ်စား စာမျက်နှာ ၂၀ ကော်လံ ၁ ☆



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးသိန်းအောင် ကိုယ်စား၊ ဇနီးဖြစ်သူ ဒေါ်စန်းစန်းလွင်ကို ဂုဏ်ထူးဆောင်ဘွဲ့ လက်ရောက်ချီးမြှင့်အပ်နှင်းစဉ်။

ကျောက်ကြီးမြို့နယ် ကျောက်ကြီး-ပဲနွယ်ကုန်းသွား ကားလမ်းပေါ်ရှိ သံပေါင်ဘေလီတံတားတစ်စင်းကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb တစ်လုံး အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ပြည်သူသုံးဦး သေဆုံး၊ လေးဦး ထိခိုက်ဒဏ်ရာရရှိ စာမျက်နှာ - ၂၃


ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ Grand Royal အရက်ချက်စက်ရုံ မီးလောင်မှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ဆောင်ရွက် စာမျက်နှာ - ၂၂

**ထူးခြားသည့် ညအပူချိန်များ**

၁၃-၁-၂၀၂၃

| | | |
|---|---|---|
| ဟားခါး | -၁ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | သုည | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257